လူသားခြင်း စာနာထောက်ထားမှု အကူအညီပေးရေးအား နှောက်ယှက်၊ ဖျက်ဆီး၊ အဟန့်အတားများပြုလုပ်နေသော အဖွဲ့အစည်းများ၊ အုပ်စုများအနေဖြင့်လည်း လူသားခြင်း စာနာထောက်ထားမှု အကူအညီပေးရေး၏ အဓိပ္ပါယ်ကိုနားလည်ပြီး၊ လိုက်နာရမည့် စည်းကမ်းချက်များအားလိုက်နာနိုင်ရန် လိုအပ်ပါသည်။


Pa-O Youth Organization

pyorg.net@gmail.com


# စစ်အာဏာရှင်စနစ်ဆိုး၏ မြေစာပင်

## စစ်တပ်အာဏာသိမ်းအလွန် ရှမ်းတောင် စစ်ပဋိပက္ခရိုက်ခတ်မှု အခြေအနေများနှင့် အရပ်သားပြည်သူများ၏ လူမှုစီးပွားဘဝများ

## အတွဲ (၁)




ပအိုဝ်းလူငယ်အစည်းအရုံး (PYO)

## အဖွင့်မိတ်ဆက်

ဤစာတမ်းသည် ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းလူမျိုးများ အများဆုံးနေထိုင်ကြသော ဒေသများဖြစ်သည့် မောက်မယ်၊ ဆီဆိုင်၊ ဟိုပုံး၊ ပင်လောင်း၊ တောင်ကြီး၊ လွိုင်လင် နှင့် ညောင်ရွှေ မြို့နယ်များအတွင်း အာဏာသိမ်းပြီးနောက် ဖြစ်ပေါ်ပြောင်းလဲလာနေသော အခြေအနေများကိုသာ လေ့လာဖော်ပြထားပြီး၊ ကရင်နီပြည်နယ်မှ စစ်ပွဲများကြောင့် ပအိုဝ်းဒေသတွင်းသို့ စစ်ဘေးရှောင်လာရသော ကရင်နီတိုင်းရင်းသား ညီအကိုမောင်နှမများ၏ အခြေအနေများအပါအဝင်၊ ပအိုဝ်းဒေသအတွင်းရှိ စစ်ပွဲများကြောင့် စစ်ရှောင်နေကြရသော ပအိုဝ်းလူထု၏ အခြေအနေများလည်း ထည့်သွင်းဖော်ပြထားပါသည်။ စာတမ်းသည် ၂၀၂၁ အာဏာသိမ်းပြီးကာလမှစ၍ ဇွန်လ ၂၀၂၄ ခုနှစ် ကာလအထိ ပြုစုရေးသားဖော်ပြထားသော စာတမ်းမျှသာဖြစ်ပါသည်။ ပအိုဝ်းလူငယ်အစည်းအရုံးအနေဖြင့် ဇွန်လ ၂၀၂၄ ခုနှစ် နောက်ပိုင်းကာလမှ အခြေအနေများအား ဆက်လက် စာတမ်းပြုစုရေးသား ဖော်ပြရန်လည်း ကြိုးစား အချက်အလက်ကောက်ယူနေဆဲဖြစ်ပါသည်။ စာတမ်းအားပြုစုရခြင်း၏ ရည်ရွယ်ချက်မှာ.....

(၁) ပအိုဝ်းဒေသတွင် အာဏာသိမ်းပြီးနောက်ပိုင်းကာလ၏ နိုင်ငံရေး အခြေအနေများကြောင့် ဖြစ်ပေါ်ပြောင်းလဲလာသော သက်ရောက်မှုများအား သိရှိရန်

(၂) ပအိုဝ်းဒေသအတွင်းရှိ စစ်ဘေးရှောင်များ၏ အခြေအနေများနှင့် ၎င်းတို့ ရင်ဆိုင်ကြုံတွေ့နေရသော အကြောင်းအရာများအားဖော်ထုတ် သိရှိနားလည်ပြီးနောက်၊ စစ်ဘေးရှောင်များနှင့် စပ်လျဉ်းပြီး ရှေ့ဆက်ကူညီဆောင်ရွက်နိုင်ရန် နည်းလမ်းများ နှင့် စဉ်းစားစီစဉ်ဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန်

(၃) နောက်ပိုင်းကာလတွင် စစ်ဘေးသင့်ခြင်းကိစ္စရပ်များ ဒေသအတွင်း ဖြစ်ပေါ်လာမည်ဆိုပါက မည်သို့မည်ပုံကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရန်အတွက် စဉ်းစားတွေးခေါ် ပြင်ဆင်နိုင်ရန်

(၄) စစ်ရှောင်အပြီး နေရပ်ပြန်နေရသောအချိန်တွင် လိုအပ်သော ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များအတွက် ပြင်ဆင်မှုများပြုလုပ်ရာတွင် စဉ်းစားရန်လိုအပ်သော ကိစ္စရပ်များအတွက် အထောက်အကူဖြစ်စေရန် တို့ဖြစ်သည်။

ဤစာတမ်းပါ အချက်အလက်များသည် စစ်ရှောင်များ တစ်ဦးချင်းစီသော်လည်းကောင်း၊ အုပ်စုလိုက်သော်လည်းကောင်း ပြောကြား ဖော်ပြထားသော အချက်အလက်များဖြစ်သည့်အပြင် ပအိုဝ်းလူငယ်အစည်းအရုံးမှ မြေပြင်တွင် စစ်ဘေးရှောင်များအား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေး ကွင်းဆင်း ဆောင်ရွက်ခြင်းများမှလည်း တွေ့ကြုံရရှိလာသော အချက်အလက်များဖြစ်သည်။ ပအိုဝ်းလူငယ်အစည်းအရုံးသည် မြေပြင်တွင်ဖြစ်ပေါ်လျှက်ရှိသော လူ့အခွင့်အရေးချိုးဖောက်မှုများ၊ မြေယာနှင့် သဘာဝသယံဇာတများ ထုတ်ယူသုံးစွဲမှု၊ မြေယာ၊ မူးယစ်ဆေး နှင့် အခြားသော အရေးအရာများအား အချက်အလက်များကောက်ယူနေသည့်အပြင် လက်ရှိ စစ်ပွဲများကြောင့် ထိခိုက်ခံစားနေရသော စစ်ဘေးရှောင်များ၏ အခြေအနေများကိုလည်း အချက်လက်ကောက်ယူလျှက်ရှိပါသည်။ ထို့အပြင် သုတေသန တွေ့ရှိချက်များမှတဆင့် စည်းရုံးလှုံ့ဆော်မှုများ၊ သက်ဆိုင်ရာ အခန်းကဏ္ဍအသီးသီးရှိ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများထံသို့ အရေးဆိုတိုက်တွန်းမှုများနှင့်အတူ မူဝါဒရေးရာများ ပြုပြင်ပြောင်းလဲခြင်းဆိုင်ရာ အကြံပြုချက်များ ပေးပို့ ဆောင်ရွက်ခြင်းများလည်း ပြုလုပ်လျှက်ရှိပါသည်။ တပြိုင်နက်တည်းမှာပင် လူငယ်များအား နိုင်ငံရေး၊ လူ့အခွင့်အရေး နှင့် အခြားသော ကဏ္ဍများ၊ ဘာသာရပ်များဆိုင် အသိပညာပေးခြင်း၊ စွမ်းရည်မြှင့်တင်ခြင်း ကိစ္စရပ်များအားလည်း လုပ်ဆောင်နေပါသည်။

## ၂၀၂၁ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် စစ်တပ်အာဏာသိမ်းမှု၏ သမိုင်းနောက်ခံအကြောင်းအရင်း အကျဉ်း

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် မြန်မာနိုင်ငံ၌ အာဏာသိမ်းယူမှုဖြစ်ပွားခဲ့သည်။ မနက်ပိုင်းအချိန်တွင် တပ်မတော်သည် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် သမ္မတဦးဝင်းမြင့်အပါအဝင် အခြားသောပါတီဝင်များကို ဖမ်းဆီးခဲ့သည်။ ထို့နောက် ယာယီသမ္မတဦးမြင့်ဆွေသည် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ(ကာလုံ)

အစည်းအဝေး ခေါ်ယူကာ နိုင်ငံတော်အရေးပေါ်အခြေအနေကို ကြေညာခဲ့ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ အာဏာလွှဲပြောင်းခဲ့သည်။ အာဏာသိမ်းယူမှု ဖြစ်ပွားပြီး မကြာမီတွင် ဒေါ်အောင်ဆန်းစုကြည်ကို ဝေါကီတော်ကီပိုင်ဆိုင်မှုဖြင့်လည်းကောင်း၊ ဦးဝင်းမြင့်ကို ကိုဗစ်ကာလ၌ ကျန်းမာရေးထုတ်ပြန်ချက်များကို မလိုက်နာခြင်းကြောင့်ဟု စွပ်စွဲ၍ လည်းကောင်း တရားစွဲဆိုခဲ့သည်။ ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်အားလည်း ကျန်းမာရေးဆိုင်ရာထုတ်ပြန်ချက်များကို မလိုက်နာခြင်းကြောင့်ဟု စွပ်စွဲကာ ထပ်မံတရားစွဲခဲ့ပြန်သည်။

နံနက် ၁၀နာရီခန့်မှစ၍ မြဝတီရုပ်မြင်သံကြားမှစစ်တပ်သည် တိုင်းပြည်ကို စတင်အုပ်ချုပ်ပြီဖြစ်ကြောင်း ကြေညာခဲ့သည်။ ဒုသမ္မတဦးမြင့်ဆွေသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တရားဝင်အာဏာလွှဲပြောင်းမှုမရှိသော်လည်း ယာယီသမ္မတဖြစ်လာခဲ့ပြီး ၁ ရက် ၂ လ ၂၀၂၁ ခုနှစ်တွင် ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ အခန်း(၁၁) ပုဒ်မ ၄၁၇အရ နိုင်ငံတော်ကို အရေးပေါ်အခြေအနေအဖြစ်ကြေညာခဲ့ပြီး ပုဒ်မ ၄၁၈ အရ နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတို့ကို ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား အာဏာလွှဲပြောင်းခဲ့သည်။ ညပိုင်းတွင် တပ်မတော်သည် ပြည်ထောင်စုဝန်ကြီးအသစ် ၁၁ ဦး ကို ခန့်အပ်ကြောင်းကြေညာခဲ့သည်။ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းခဲ့သည်။ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်၏နေအိမ်ကို ရဲတပ်ဖွဲ့ကဝင်စီးခဲ့ရာ သူမအားနိုင်ငံခြားမှဆက်သွယ်ရေးကိရိယာများ (ICOM စကားပြောစက် ၁၀ လုံးနှင့် Jumber တစ်လုံး) ကို တရားမဝင်တင်သွင်းသည်ဟု တရားစွဲ၍ရမန်ယူခဲ့သည်။ ထိုအမှု၏ပြစ်ဒဏ်သည် ထောင်ဒဏ် ၃ နှစ် အပြင် ဒဏ်ကြေးပါပေးဆောင်ရမည်ဖြစ်သည်။ နိုင်ငံတော် သမ္မတ ဦးဝင်းမြင့်အား ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ နေပြည်တော်တွင် ပြုလုပ်ခဲ့သော Car Campaign တွင် လက်ပြနှုတ်ဆက်ခဲ့သည်ကို လူစုလူဝေးပြုလုပ်သည်ဟူ၍ လည်းကောင်း၊ မဲဆွယ်စည်းရုံးရေး ကာလများတွင် ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက် ဥပဒေစည်းကမ်းများကို လိုက်နာရန် ပျက်ကွက်သည်ဟူ၍ လည်းကောင်း သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ဥပဒေဖြင့် တရားစွဲ၍ရမန်ယူခဲ့သည်။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည်တိုင်းပြည်ကို တစ်နှစ်မျှ အုပ်ချုပ်မည်ဖြစ်ကြောင်းနှင့် စစ်ဆေးဆောင်ရွက်ရန်ရှိသည်များဆောင်ရွက်ပြီးသည့်နောက် နိုင်ငံတော်သမ္မတ အား ပုဒ်မ ၄၂၂ အရ အာဏာ ပြန်လည်လွှဲအပ်ပြီးနောက် (၆) လအတွင်း ရွေးကောက်ပွဲကို ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း ပြောဆိုခဲ့သော်◌ြငားလည်း လက်ရှိကာအထိ ၎င်းတို့အာဏာတည်မြဲရေးအတွက် ရက်စက်ကြမ်းကြုတ်သော နည်းလမ်းများဖြင့် တိုင်းပြည်အား ဆက်လက်၍ မတရားအနိုင်ကျင့်အုပ်ချုပ်နေဆဲဖြစ်သည်။ အထက်ပါကိစ္စရပ်များအပြင်၊ မဲအနိုင်ရပါတီထံသို့ စစ်အုပ်စုမှ မဲများပြန်လည် ကြည့်ခွင့်တောင်းရာတွင် အနိုင်ရပါတီအနေဖြင့် ကြည့်ခွင့်မပေးသောကြောင့် မဲစာရင်းများ မှားယွင်းမှုရှိပြီး မသမာမှုများရှိနေသည်ဟုဆိုသော အကြောင်းပြချက်ဖြင့် နိုင်ငံတော် အာဏာအားထိမ်းသိမ်းထားမည်ဟူသော စကားလုံးဖြင့် အာဏာသိမ်းလိုက်ခြင်းဖြစ်သည်။ စစ်တပ်သည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပါ အချို့အချက်များအား အခွင့်အကောင်းယူ ၎င်းတို့ လိုသလို အဓိပ္ပါယ်ဖွင့်ဆိုကာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအား ၎င်းတို့အနေဖြင့် ပြန်လည်ချိုးဖောက်ပြီး အာဏာအား အတင်းအဓမ္မသိမ်းယူခဲ့သည်။ စစ်တပ်မှ အာဏာသိမ်းခြင်းကို တစ်တိုင်းပြည်လုံးရှိ ပြည်သူလူထုများ မလိုလားသည့်အပြင်၊ မည်သည့် အာဏာရှင် စနစ်မှ မလိုလားသည်မှာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ အာဏာ သိမ်းပြီးလျှင် ပြီးချင်း ဖြစ်ပေါ်လာသည့်လူထုအုံကြွမှု၊ လူထုဆန္ဒထုတ်ဖော်ပွဲ၊ လူထုမှ စစ်အာဏာရှင်စနစ်အပြင် အာဏာရှင်မှန်သမျှအား ဆန့်ကျင်သောလှုပ်ရှားမှု ဖြစ်စဥ် နှင့် နွေဦးတော်လှန်ရေး ဖြစ် စဥ်များအား ကြည့်လျှင် အထင်းသားတွေ့ရသည်။

dsinfo.org

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်
အမိန့်အမှတ်(၁/၂၀၂၁)
၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်
(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်)

၁။ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ(၈)ရက်နေ့တွင် ပြုလုပ်ခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အခြေခံအသုံးပြုခဲ့သော မဲစာရင်းများမှာ ကြီးမားစွာ ကွာခြားမှုများရှိနေသဖြင့် ဖြေရှင်းဆောင်ရွက်ပေးရန် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ပျက်ကွက်ခဲ့ပါသည်။

၂။ နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် ပြည်သူ့ထံမှ ဆင်းသက်ရမည် ဖြစ်သော်လည်း ကျင်းပပြုလုပ်ခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဆိုးဝါးစွာလွဲမှားနေသည့် မဲစာရင်းများဖြစ်ခဲ့သဖြင့် ဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ပြည်သူ့ထံမှ အချုပ်အခြာအာဏာ ဆင်းသက်ရမည်ဆိုသည့်အချက်နှင့် ဆန့်ကျင် နေပါသည်။

၃။ မဲစာရင်းပြဿနာများကို ဖြေရှင်းရန်ငြင်းပယ်ခြင်း၊ အရေးယူဆောင်ရွက်မှု မပြုခြင်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် အစည်းအဝေးများကို ရွှေ့ဆိုင်းပေးရန် တောင်းဆိုမှုအပေါ် ရွှေ့ဆိုင်းပေးခြင်းမရှိသည့်အပြင် ပြည်သူ့လွှတ်တော် အစည်းအဝေးအစီအစဉ်များ ထုတ်ပြန်ကာ အစီအစဉ်အတိုင်းဆက်လက်လုပ်ဆောင်ရန် ဆောင်ရွက်ခြင်းတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၄၁၇ ပါ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို အဓမ္မနည်းဖြင့် ရယူရန်ဆောင်ရွက်ခြင်းဖြစ်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပါသည်။ ၎င်းကဲ့သို့ဆောင်ရွက်မှု များကြောင့် မြန်မာနိုင်ငံ၏ မြို့/ဒေသအသီးသီးတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို မယုံကြည်သဖြင့် ဆန္ဒပြမှုများ များစွာဖြစ်ပေါ်လျက်ရှိပြီး အခြားပါတီ အဖွဲ့အစည်း လူပုဂ္ဂိုလ်များကလည်း ထောက်ခံပွဲအလံ လွှင့်ထူခြင်းများအပါအဝင်

dsinfo.org

၂

လှုံ့ဆော်မှုမျိုးစုံ ပြုလုပ်နေကြောင်းတွေ့ရသဖြင့် နိုင်ငံတော်တည်ငြိမ်မှုကို များစွာ ထိခိုက်စေလျက်ရှိသည်။

၄။ အဆိုပါပြဿနာကို မှန်ကန်စွာဖြေရှင်းခြင်းမပြုပါက နိုင်ငံတော်၏ ဒီမိုကရေစီ လျှောက်လှမ်းမှုတွင် အခက်အခဲများဖြစ်ပေါ်လာစေမည်ဖြစ်၍ ဥပဒေနှင့်အညီ ဖြေရှင်းရန် လိုအပ်ပါသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၄၁၇ အရ နိုင်ငံတော်အား အရေးပေါ် အခြေအနေကြေညာလိုက်သည်။

၅။ မဲစာရင်းများ စိစစ်အတည်ပြုခြင်းအပါအဝင် လိုအပ်သည့် အရေးယူဆောင်ရွက် မှုများ ပြုလုပ်နိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၄၁၈ ပုဒ်မခွဲ(က) အရ နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာတို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ လွှဲအပ်တာဝန်ပေးလိုက်သည်။

၆။ အရေးပေါ်အခြေအနေ အကျိုးသက်ရောက်သည့်နယ်မြေသည် နိုင်ငံတစ်ဝှမ်း ဖြစ်ကြောင်းနှင့် အရေးပေါ်အခြေအနေအား ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၇ အရ ဤအမိန့် ထုတ်ပြန်သည့်နေ့မှစ၍ တစ်နှစ်သတ်မှတ်လိုက်သည်။

စစ်တပ်မှ အာဏာသိမ်းရခြင်း အကြောင်းအရင်း ထုတ်ပြန်ကြေငြာချက်

## အာဏာသိမ်းမှုဖြစ်စဉ်များ၊ ပဋိပက္ခများကြောင့် တိုင်းရင်းသားဒေသနှင့် မြန်မာနိုင်ငံတဝန်းလုံးအပေါ် ရိုက်ခတ်လာသော သက်ရောက်မှုများ ခြုံငုံချက် အကျဉ်းချုပ်

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက် နိုင်ငံတဝန်းလုံးတွင် စစ်အာဏာသိမ်းမှုကို ဆန့်ကျင်သော လူထုသပိတ်များ၊ ဆန္ဒပြမှု များပေါ်ပေါက်လာခဲ့ပြီး စစ်တပ်၏ အကြမ်းဖက်ဖြိုခွင်းမှုများကြောင့် ရရာလက်နက်များကိုင်ဆောင်ပြီး လက်နက်ကိုင်တော်လှန်သော လမ်းစဉ်များဖြင့် စစ်ကောင်စီကို တန်ပြန်တော်လှန်နိုင်ရန် ပြည်သူ့ကာကွယ်ရေးတပ်များ နယ်အသီးသီး၊ ဒေသအသီးသီးတွင် ဖွဲ့စည်းပေါ်ပေါက်လာခဲ့ရပြီးနောက် စစ်ကောင်စီတပ်များနှင့် အပြန်အလှန် တိုက်ခိုက်မှုများစတင်ဖြစ်ပွားလာခဲ့ရ

ပြီး နွေဦးတော်လှန်ရေးဟူ၍ပေါ်ပေါက်လာခဲ့ရပါသည်။ တချိန်တည်းမှာပင် စစ်တပ်၏ ထိုးစစ်ဆင်သော ဒေသများတွင် ကျေးရွာများ မီးရှို့ခံရခြင်း၊ ပြည်သူများ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရခြင်း၊ အမျိုးသမီးများကို မုဒိန်းကျင့်သတ်ဖြတ်ခြင်း၊ လေကြောင်းဖြင့် ကျေးရွာများအား ဗုံးကျဲတိုက်ခိုက်ခြင်းတို့ပြုလုပ်လျှက်ရှိသည်။ စသည့်အပြင် ကလေးငယ်များစာသင်နေသော စာသင်ကျောင်းများကို တိုက်လေယာဥ်များဖြင့် ဗုံးကြဲတိုက်ခိုက်မှုများကြောင့် ကလေးငယ်များအပါအဝင်၊ လူတန်းစားပေါင်းစုံမှလူများ အများအပြားသေဆုံးခဲ့ရပါသည်။ ကျေးရွာများ မီးရှို့ခံရခြင်းကြောင့် လုံခြုံရာအနီးအနားပတ်ဝန်းကျင်များနှင့် တောတောင်များသို့ပြည်သူများ သွားရောက်ခိုလှုံနေထိုင်ကြရပြီး ၎င်းတို့အထဲမှ အများစုသည် အစာရေစာ ပြတ်လတ်နေသည့် အခြေအနေအောက်တွင်သာ ရှိနေသေးသည်။ UNHCR အစီရင်ခံစာမှ ကိုးကားချက်စာရင်းဇယားများအရ နိုင်ငံတစ်ဝန်းတွင် စစ်ကောင်စီ၏ ထိုးစစ်ဆင်မှုများကြောင့် စစ်ဘေးရှောင်ပြည်သူပေါင်း ၃,၁၃၆,၆၀၀ ဦး ခန့်ရှိနေပြီဖြစ်သည်။ ထိုအထဲတွင် ၂၀၁၄ သန်းခေါင်စားရင်းလူဦးရေအရ ၃သိန်းခန့်သာ ရှိသော ကရင်နီပြည်နယ်မှ စစ်ဘေးရှောင်များ၊ ရာခိုင်နှုန်းအားဖြင့် ၉၀%ခန့်သည် ကရင်နီပြည်နယ်နှင့် နီးစပ်သော ရှမ်းပြည်နယ် တောင်ပိုင်းနှင့် အခြားသောဒေသများသို့ စစ်ရှောင်၍ ခိုလှုံနေကြရသည်။ ၂၀၂၃ ခုနစ်အောက်တိုဘာလတွင် မြန်မာနိုင်ငံ အရှေ့မြောက်ဖျားမှ ဖေါ်ဆောင်ခဲ့သော ၁၀-၂၇ စစ်ဆင်ရေးနှင့် ကရင်နီပြည်နယ်မှ ၁၁-၁၁ စစ်ဆင်ရေးကြောင့်လည်း ရှမ်းပြည်တခွင်တွင် စစ်ဘေးရှောင်နေရသော လူဦးရေသည် ပိုမိုများပြားလာခဲ့သည်။



| Estimated total internally displaced person (IDPs) within Myanmar (as of 10 Jun 2024) | | | |
|---|---|---|---|
| State/Region | Prior to 1 Feb 2021 IDPs | Post 1 Feb 2021 IDPs | Total # of IDPs within Myanmar |
| Bago Region (West) | | 700 | 700 |
| Mandalay Region | | 900 | 900 |
| Shan State (North) | 7,800 | 19,100 | 26,900 |
| Mon State | | 78,100 | 78,100 |
| Chin State | 4,500 | 81,100 | 85,600 |
| Rakhine State (North) | 16,600 | 86,700 | 103,300 |
| Shan State (South) | | 129,500 | 129,500 |
| Kayah State | | 132,400 | 132,400 |
| Tanintharyi Region | | 149,400 | 149,400 |
| Kachin State | 84,400 | 82,700 | 167,100 |
| Bago Region (East) | | 200,900 | 200,900 |
| Kayin State | | 211,400 | 211,400 |
| Magway Region | | 245,900 | 245,900 |
| Rakhine State (Central) | 175,700 | 191,900 | 367,600 |
| Sagaing Region | | 1,236,900 | 1,236,900 |
| Grand Total | 289,000 | 2,847,600 | 3,136,600 |

(ပုံ) UNHCR အစီရင်ခံစာမှ ဖော်ပြထားသော မြန်မာနိုင်ငံအတွင်း စစ်ဘေးရှောင်ဦးရေပြဇယား

ထို့အပြင် ရှမ်းမြောက် နှင့် ကရင်နီပြည်နယ်မှ စစ်ရှောင်များ လာရောက်ခိုလှုံရာ ရှမ်းတောင်တွင်လည်း ဒေသအတွင်းရှိလက်နက်ကိုင်အုပ်စုများအချင်းချင်းကြား၊ လက်နက်ကိုင်အုပ်စုနှင့် စစ်ကောင်စီကြား စစ်ရေးအရ တင်းမာမှုများနှင့် ညှိနှိုင်းမှုများ မပြေမလည် ဖြစ်ခဲ့ခြင်းကြောင့် ဇန်နဝါရီလ ၂၀၂၄ တွင် တိုက်ပွဲများ ထပ်မံဖြစ်ပွါးခဲ့ပါသည်။

၂၀၂၁ခုနှစ် အာဏာသိမ်းချိန်မှစပြီး စစ်ကောင်စီကို နိုင်ငံတကာမှ ဝိုင်းဝန်း၍ စီးပွါးရေးပိတ်ဆို့မှုများပြုလုပ်ခဲ့ခြင်းကြောင့် စီးပွါးရေးလုပ်ငန်းရှင်အများစုများသည် မြန်မာနိုင်ငံမှ ထွက်ခွါသွားကြပြီး နိုင်ငံ၏စီးပွါးရေးများလည်း တဟုန်ထိုးကျဆင်းနေပြီး၊ တဟုန်ထိုးတက်လာနေသော အခြေခံကုန်ပစ္စည်းဈေးနှုန်းများ၊ ထုတ်ကုန်ပစ္စည်း ဈေးကွက်နှင့် ဈေးကွက်မရှိသော မြန်မာနိုင်ငံမှ ပြည်သူများသည် ဆင်းရဲနွံထဲသို့ အဆုံးစွန်ဆုံးအထိကျရောက်ခဲ့ပါပြီ။

စစ်အာဏာသိမ်းမှုကြောင့် စစ်ကောင်စီအား ပြန်လည်ဆန့်ကျင်တိုက်ခိုက်သော ဒေသများ များပြားလာသည်နှင့်အတူ လာဘ်ပေးလာဘ်ယူမှုများ၊ မူးယစ်ဆေးဝါးလုပ်ငန်းများနှင့် ဒေသတွင်းတွင် တရားမဝင်သော လုပ်ငန်းများ အများအပြားထွန်းကားလာသကဲ့သို့၊ သဘာဝသယံဇာတကို ထုတ်ယူသုံးစွဲသောလုပ်ငန်းများလည်း ပို၍များပြားလာပါသည်။ လူထုအား အကျိုးမပြုသော ခရိုနီကြီးများ၏ စီးပွါးရေးလုပ်ငန်းများသည်လည်း ဒေသအသီးသီးတွင် အလျှိုလျှို ပေါ်ပေါက်လာခဲ့လေသည်။ ထို့ကြောင့် ဒေသခံတောင်သူများသည် ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးစနစ်မရှိသော နိုင်ငံရေးစနစ်အောက်တွင် မြေယာများ အတင်းအဓမ္မလုယူခံနေရသည့် အဖြစ်မျိုးဆက်လက်ကြုံတွေ့လာရပြီး၊ အခြေခံလူ့အခွင့်အရေး ချိုးဖေါက်ခံရမှုများလည်း ပိုမိုများလာနေပါသည်။ ရှေးယခင်ကတည်းက စစ်တပ် နှင့် ဒေသအတွင်းရှိ လက်နက်ကိုင်များ သိမ်းဆည်းခဲ့သော လူထု၏ မြေယာများအားလည်း မူလပိုင်ရှင်လက်ထဲသို့ ပြန်လည်အပ်နှံပေးဆောင်ခြင်းမရှိသည့်အပြင်၊ စွန့်လွှတ်ပြီးသော မြေယာများကိစ္စပြသနာများအားလည်း ယခုထက်ထိ ဖြေရှင်းဆောင်ရွက်နိုင်ခြင်းများမရှိသေးပေ။

## အာဏာသိမ်းပြီးနောက်ပိုင်း ဖြစ်ပေါ်လာသည့် ရှမ်းတောင်နိုင်ငံရေး အခြေအနေနှင့် အခင်းအကျင်းများ

### (က) ကရင်နီ ပြည်နယ် နှင့် ပအိုဝ်းဒေသ (ရှမ်းပြည်နယ်တောင်ပိုင်း) ဆက်စပ် အခြေအနေ

၂၀၂၃ နှစ်ကုန်သည့်အထိ ရှမ်းတောင်တွင် တိုက်ပွဲများ ပြင်းထန်ခဲ့ခြင်းမျိုး မရှိခဲ့သော်လည်း စစ်ရေးအငွေ့အသက်များ ရိုက်ခတ်လာမှု များရှိခဲ့ပါသည်။ ရှမ်းတောင်ဒေသ၊ အထူးသဖြင့် အထူးဒေသ ၆ နယ်မြေတွင် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် တပ်မတော် ခေါ် ပအိုဝ်း၌ာနေ အသွင်းပြောင်းပြည်သူ့စစ် PNA သည် ၂၀၀၀ခုနှစ် မတိုင်ခင်ကတည်းကပင် ဒေသတွင်းစစ်ရေးလှုပ်ရှားမှုများရှိနေခဲ့သည်။ ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးနောက် မှ ၂၀၂၃ ခုနှစ်ထိ စစ်ကောင်စီကို ဆန့်ကျင်တော်လှန်သော တိုက်ပွဲများသည် ပအိုဝ်းဒေတွင် အခြားသော အိမ်နီးချင်း ကရင်နီပြည်နယ်ကဲ့သို့ ဖြစ်ပွါးခြင်းမရှိသော်လည်း ကရင်နီပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်း နယ်စပ်များတွင် စစ်ကောင်စီနှင့် ကရင်နီအခြေစိုက် ပြည်သူ့ကာကွယ်ရေး ပူးပေါင်းတပ်များ ၏ ထိတွေ့တိုက်ပွဲများကြောင့် အပြစ်မဲ့အရပ်သားပြည်သူများ များစွာသေဆုံးခဲ့ရပါသည်။ ထို့အပြင် ကရင်နီပြည်နယ်တွင် နေ့စဉ်ရက်ဆက် စစ်ကောင်စီတပ်နှင့် စစ်ပွဲများဖြစ်ပွါးနေသည့်အတွက် ထိုဒေသမှ ဒေသခံပြည်သူစစ်ရှောင်များသိန်းချီ၍ စစ်ဘေးရှောင်များအဖြစ် နီးစပ်ရာပြည်နယ်ဖြစ်သည့် ရှမ်းပြည်နယ်တောင်ပိုင်းနှင့် အခြားသောဒေသများသို့ သွားရောက်ခိုလှုံနေကြရသည်။

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးခရိုင်အတွင်းရှိ ဆီဆိုင်၊ ညောင်ရွှေ နှင့် ပင်လောင်းမြို့နယ်များသည် ကရင်နီပြည်နယ်နှင့် ကုန်သွယ်ရေးလမ်းမကြီးများ အဓိကဆက်သွယ်ထားသောမြို့နယ်များဖြစ်သည်။ ထိုကုန်သွယ်ရေးလမ်းမကြီးများကိုလည်း စစ်အာဏာသိမ်းမှုကြောင့် ခုခံတော်လှန်သော တိုက်ပွဲများစတင်လာပြီးကတည်းက စစ်ကောင်စီတပ်များနှင့် ၄င်း၏အပေါင်းအပါများက ပိတ်ဆို့စစ်ဆေးရေးဂိတ်များတင်းကျပ်စွာချထားပြီး ဖြတ်သန်းသွားလာသောပြည်သူများ၊ သယ်ယူပို့ဆောင်သောစားနပ်ရိက္ခာများကို ပိတ်ဆို့စစ်ဆေးပြီး အထောက်အထားခိုင်လုံစွာ မပြနိုင်ပါက ထောင်ချဖမ်းဆီးခြင်းများ၊ နှိပ်စက်ညင်းပန်းခြင်းများ၊ ငွေကြေးကောက်ခံခြင်းများ ပြုလုပ်လျှက်ရှိပါသည်။ အထူးသဖြင့် ၂/နိုင်ငံသားစီစ်ရေးကဒ် ကိုင်ဆောင်ထားသည့် ကရင်နီပြည်သူများကို ပိုမိုတင်းကြပ်စွာ စစ်ဆေးမေးမြန်းခြင်း၊ သံသယဖြင့်ဖမ်းဆီးခြင်းနှင့် ဖြတ်သန်းသွားလာသော ကုန်ကားများ၊ ခရီးသွားပြည်သူကားများကို ငွေကြေးအဓမ္မတောင်းခံခြင်းများလည်း မကြာခနဖြစ်ပွါးနေပါသည်.။

တဖက်တွင် စစ်ကောင်စီသည် တော်လှန်ရေး ပူးပေါင်းတပ်များနှင့် ဖြစ်ပွားသောထိတွေ့တိုက်ပွဲများတွင်လည်း ၄င်း၏လက်အောက်ခံ ပြည်သူ့စစ်တပ်များကို အသေခံတပ်သားများအဖြစ်အသုံးပြုနေကြပြီး လူသားဒိုင်းကာရံမှုများ ကဲ့သို့ ပြုလုပ်မှုမျိုးများ လည်းရှိနေသည်။ ယင်းအခြေအနေကို အကြောင်းပြု၍ တိုင်းရင်းသားလူမျိုးစုများအကြား လူမျိုးရေးနှင် ဘာသာရေးပဋိပက္ခများအသွင် ဖန်တီးခြင်းများရှိနေပါသည်။ ထို့အပြင် စစ်ကောင်စီနှင့် အပေါင်းအပါများသည် ဒေသတွင်း ပဋိပက္ခနှင့် ကြုံတွေ့လာလိုက်တိုင်း

ပွဲတော်များ ကျင်းပဖော်ဆောင်လေ့ရှိပြီး ပြည်သူများကို သတင်းအမှောင်ချထားခြင်းများ ပြုလုပ်နေပါသည်။ ထို့အပြင် ဒေသတွင်းတွင် အာဏာသိမ်းပြီးနောက်ပိုင်း တရားမဝင်မူးယစ်ဆေးဝါးများ ရောင်းဝယ်ဖေါက်ကားမှု၊ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုများလည်း တဟုန်ထိုးမြင့်တက်လာသည့်အပြင် တရားမဝင် မြေသိမ်းဆည်းမှုများ၊ သဘာဝသယံဇာတကို အခြေပြုသော စီမံကိန်းများကို ယခင်ကာလများထက် စည်းမဲ့ကမ်းမဲ့ဖြင့် ပိုမိုချဲ့ထွင်လုပ်ဆောင်လာနေပါသည်။

၂၀၂၃ ခုနှစ် ရှမ်းတောင်တွင်တိုက်ပွဲများ ဖြစ်ပွါးခြင်း မရှိခဲ့သေးသောကာလတွင်လည်း၊ စစ်ပွဲများ နေ့စဉ်ဖြစ်ပွါးလျှက်ရှိသော ကရင်နီပြည်နယ်မှ သိန်းနှင့်ချီသောပြည်သူများသည် ရှမ်းတောင်ဘက် အထူးသဖြင့် ပအိုဝ်ႏလူမျိုးအများစုနေထိုင်သော ဒေသများဘက်သို့ စစ်ဘေး ရှောင်လာမှုများ ရှိနေခဲ့ပါသည်။ စစ်ကောင်စီဘက်ကလဲ စစ်ရှောင်များကို လက်ခံခြင်းမပြုရန် ပြောဆိုဟန့်တား အမိန့်ထုတ်မှုများရှိနေပါသည်။ ထို့အပြင် စစ်ရှောင်များကို ကူညီထောက်ပံ့ရန်နှင့် လူသားခြင်းစာနာထောက်ထားမှု အကူအညီပေးသောလုပ်ငန်းစဉ်များအတွက် အသုံးပြုနေရသော လမ်းမကြီးများကိုလည်း ပိတ်ပင်တာဆီးခြင်း၊ စားနပ်ရိက္ခါများကိုသယ်ဆောင်ရာတွင် အကန့်အသတ်ဖြင့်သာ သယ်ဆောင်ခိုင်းခြင်း စသည့်လုပ်ရပ်များကြောင့် အလှူရှင်များရှိနေသည့်တိုင်၊ စစ်ရှောင်များကို ကူညီထောက်ပံပေးရန်လုပ်ငန်းစဉ်များအတွက် များစွာသောအခက်အခဲ၊ အဟန့်အတားများဖြစ်စေသည်။ ထို့အပြင် စစ်ရှောင်များကို ကူညီထောက့်ပံ့သောကိစ္စရပ်များနှင့် လူသားခြင်းစာနာထောက်ထားခြင်း အကူအညီပေးရေးလုပ်ငန်းဆောင်တာများ လုပ်ဆောင်ရာတွင်လည်း အရပ်ဖက်အဖွဲ့အစည်းများ အနေဖြင့် အဖွဲ့အစည်းမှတ်ပုံတင် ထားရှိသော အဖွဲ့အစည်းများကသာလျှင် ကူညီထောက်ပံ့မှုများပြုလုပ်နိုင်သည်။ အကယ်၍အသင်းအဖွဲ့ မှတ်ပုံတင် တင်ထားခြင်းမရှိသော အရပ်ဖက်အဖွဲ့အစည်းများမှ လူသားခြင်းစာနာထောက်ထားမှုဆိုင်ရာ ကိစ္စရပ်များအားလုပ်ဆောင်မည်ဆိုပါက အသင်းအဖွဲ့ဆိုင်ရာ ဥပဒေများနှင့် အရေးယူခံရနိုင်သည့်အပြင် ဖမ်းဆီးထောင်ချခြင်းများခံရနိုင်သည့် အနေအထားများလည်း ကြုံတွေ့နေရပါသေးသည်။



၂၀၂၃ အရှေ့ပိုင်းကာလတွင် ရှမ်းတောင်၌ တိုက်ပွဲများ ပြင်းပြင်းထန်ထန်ဖြစ်ပွါးခြင်း မရှိသော်လည်း နိုင်ငံရေးနဲ့ ပတ်သက်၍ ရင်ဆိုင်ရသောအခန်းကဏ္ဍများစွာ ရှိနေပါသည်။ ပအိုဝ်းလူမျိုးများနေထိုင်နေသောဒေသသည် ကယား (ကရင်နီ)ပြည်နယ်နှင့် နယ်နမိတ်ချင်းထိစပ်နေသည့်အလျောက် ကယား( ကရင်နီ)ပြည်နယ်ဘက်မှ ပြည်သူများ ပအိုဝ်းဒေသအတွင်းသို့ စစ်ဘေးရှောင်လာကြရသည်။ စစ်ဘေးရှောင်များနှင့်စပ်လျှင်းသောအခြေအနေသည် အာဏာသိမ်းပြီးကာလနှင့် ယခုကာလနှိုင်းယှဥ်ပါက အခြေအနေများ မတူညီတော့ပေ။ ကယား(ကရင်နီပြည်နယ်) ဒီမောဆို တိုက်ပွဲမှ စစ်ရှောင်လာကြသောစစ်ရှောင်များအနေဖြင့် ရိက္ခာများ၊ ငွေကြေးအချို့များ ပါလာ၍ အခြားသူများထက် အဆင်ပြေခဲ့သည်ဟု ဆိုနိုင်ပါသည်။ ပထမအကြိမ် တွင် စစ်ရှောင်လာသော ပြည်သူများအနေဖြင့် အကူညီအထောက်အပံ့များရရှိခဲ့၍ ဖူလုံအဆင်ပြေမှုများရှိခဲ့ကြသေးသည်။ ဒုတိယအကြိမ်စစ်ရှောင်များသည် ရှမ်းမြောက်ဘက် ၁၀-၂၇စစ်ဆင်ရေးတိုက်ပွဲ နှင့် ကရင်နီပြည်နယ်၏ ၁၁-၁၁စစ်ဆင်ရေးတိုက်ပွဲကြောင့် ရောက်လာကြသောပြည်သူများဖြစ်ကြသည်။ ထိုသူများအနေဖြင့် အဝတ်တစ်ထည် ကိုယ်တစ်ခုဖြင့်ထွက်ပြေးတမ်းရှောင်လာကြရသည့်အခြေအနေတွင်ဖြစ်ခဲ့သောကြောင့် အဆင်ပြေဖူလံမှုများ မရှိခဲ့ပေ။ ဆီဆိုင်၊ ညောင်ရွှေ၊ ပင်လောင်း၊ တောင်ကြီး၊ ဟိုပုံး မြို့နယ်များသို့စစ်ရှောင်လာသော လူဦးရေများမှာ အနည်းဆုံးဦးရေခန့်မှန်ခြေ (၁၀၀၀၀၀)သိန်းနီးပါးရှိပါသည်။ ပင်လောင်းဘက်တွင် (၂၀၀၀၀)ဦး၊ ညောင်ရွှေ (၂၀၀၀၀)ဦး၊ ဆီဆိုင် (၃၀၀၀၀)ဝန်ကျင်းရှိသည်။ နိုင်ငံ၏စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးများ ချွတ်ခြုံကျနေသည့် အချိန်ကာလအောက်တွင် စစ်ရှောင်လူဦးရေ(၁၀၀၀၀၀)သိန်း၏ စာဝတ်နေရေးအတွက်ကူညီထောက်ပံ့မှုများ ပြု လုပ်ရန်အတွက် ရေရှည်စီစဥ်ရန်မှာ လွန်စွာခက်ခဲသည့်အခြေအနေတွင်ရှိနေပါသည်။ စစ်ဘေးရှောင်နဲ့ပတ်သက်၍ လူမှုရေးပိုင်းအတွင်လည်းသက်ရောက်မှုများ ရှိလာနိုင်သည်။ စစ်ကောက်စီဘက်မှ ပအိုဝ်းဒေသအတွင်းတွင် စစ်ရှောင်များအား လက်မခံရန် ဖိအားပေးခြင်းများလည်း ပြုလုပ်ခဲ့ပါသည်။ အထူးသဖြင့်၂/ နိုင်ငံသားစီစစ်ရေးကဒ်ပြားကိုင်ဆောင်ထားသူများအား မိမိနေအိမ်၊ မိမိဒေသတွင် လက်မခံရန် ပြောကြားလာခြင်းများလည်းရှိခဲ့သည်။ မြို့နေလူတန်းစားများမှ စိုးရိမ်မှုများကြောင့် စစ်ရှောင်

များအား လက်ခံရန် ကြောက်ရွံ့ပြီး လက်မခံခြင်းများရှိခြင်းကြောင့်လည်း စစ်ရှောင်များအနေဖြင့် ကျေးလက်ဒေသဘက်များသို့ ပြောင်းရွှေ့နေထိုင်ကြရပါသည်။ မြို့ပေါ်တွင်နေထိုင်မည်ဆိုပါက အိမ်ငှားရမ်းခများ လွန်စွာဈေးကြီးပါသည်။ ထို့အတွက်ကြောင့်လည်း ကျေးလက်ဒေသဘက်သို့ စစ်ရှောင်နေထိုင်ကြရသည့် အနေအထားများလည်းရှိနေ ပါသေးသည်။ စစ်ရှောင်စခန်းနေရာများတွင်လည်း စစ်ရှောင်လူဦးရေများပြားလာသောကြောင့် စစ်ရှောင်စခန်းတစ်ခုအတွက် သတ်မှတ်ထားသော လူဦးရေထက် ပိုမိုနေထိုင်ခိုလှုံကြရပါသေးသည်။ ကြပ်ကြပ်တည်းတည်းနေကြရသော ပြဿနာများကြောင့်လည်း ကျန်းမာရေး၊ စားဝတ်နေရေး အခက်အခဲများကို နောက်ဆက်တွဲအနေဖြင့် ရင်ဆိုင်ကြုံတွေ့နေကြသည်။ ဒေသရှိ အရပ်ဖက်အဖွဲ့အစည်းများအနေဖြင့်လည်း မှတ်ပုံတင်ထားခြင်းမရှိသောကြောင့် လက်ရှိအခြေအနေကာလအောက်၌ လှုပ်ရှားမှုများပြုလုပ်ရာတွင်လွန်စွာမှ ခက်ခဲပြီး မိမိ၏လုံခြုံရေးအား အဆမတန် ဂရုစိုက်ရပါသည်။ ကျေးလက်ဘက်ရှိ စစ်ရှောင်များ၊ ရွာသူကြီးများမှ ကူညီထောက်ပံ့ပစ္စည်းများအား ရရှိရာနေရာဒေများသို့ သွားရောက်ယူဆောင်ရာတွင်လည်း အကြောင်းအမျိုးမျိုးခေါင်းစဥ်တပ်၍ စစ်တပ်မှ ဖမ်းဆီးခေါ်ဆောင်သွားခြင်းများလည်းရှိပါသည်။ နိုင်ငံသားစီစစ်ရေးကဒ်ပြားတွင် ၂/ များ ဖြစ်သောကြောင့် အဖမ်းခံရမှုမျိုးလည်းကြုံကြရပါသည်။ ရှမ်းတောင်ဘက်မှ အရပ်ဖက်အဖွဲ့အစည်းများအနေဖြင့် တရားဝင်မှတ်ပုံတင်ထားရှိသော အဖွဲ့အစည်းများရှားပါသည်။ ပအိုဝ်းနိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ ပအိုဝ်း အရပ်ဖက်အဖွဲ့အစည်းများ၊ စစ်ဘေးရှောင်များနေထိုင်ရာဒေသ ဆီဆိုင်မြို့နှင့် အနီးစပ်ဆုံးဖြစ်သော မောက်မယ်မြို့နယ်တွင် PNLA (Pa–O National Liberation Army) ရှိပါသည်။ ၎င်းတို့အနေဖြင့် NCA (Nationwide Ceasefire Agreement) ထိုးထားသော အဖွဲ့ဖြစ်သောကြောင့် NCA လမ်းကြောင်းအောက်ရှိ JMC (Union– Level Joint Ceasefire Mon–itoring Committee)အား Cover ယူ၍ ၎င်းတို့အကူညီဖြင့် စစ်ဘေးရှောင်များအား ကူညီကြရသည့် အဖြစ်များလည်းရှိပါသည်။ မြေပေါ်၊ မြေအောက်တော်လှန်ရေး လှုပ်ရှားနေသော အဖွဲ့အစည်းများလည်းရှိသလို ဖမ်းဆီးခံရသောသူများအား JMC ခေါင်းစဉ်အောက်မှ ညှိနှိုင်း၍ ပြန်လွှတ်ရန်အတွက် ဆောင်ရွက်ကြရသော ဖြစ်စဥ်များလည်း ရှိခဲ့ပါသည်။ လက်ရှိ ပအိုဝ်းနိုင်ငံရေး အခြေအနေအား ကြည့်မည်ဆိုပါက ခမ်းဒွမ်(ပအိုဝ်းဘာသာဖြင့်) ဟုခေါ်ဆိုသော သထုံ နှင့် ကရင်၊ ကရင်နီတို့ဘက်မှ လက်နက်ကိုင်လှုပ်ရှားနေကြသော ပအိုဝ်း PDF များလည်းရှိပါသည်။ ၎င်းတို့အနေဖြင့် အခြားသော မဟာမိတ်တပ်နယ်များနှင့် ပူးပေါင်းဆောင်ရွက်မှုများလည်းတွေ့ရပါသည်။ ရှမ်းတောင်တွင် စစ်ကောင်စီ နှင့် ပူးပေါင်းလှုပ်ရှားမှုပြုနေသော ပအိုဝ်းပြည်သူ့စစ် PNA(Pa–O National Army) ရှိပါသည်။ မြေပြင်တွင်PNA ပြည်သူ့စစ်မှ ရွာသူရွာသားများအား အမှန်တကယ်ဒုက္ခပေးသောအဖွဲ့ဟူ၍လည်း ဒေသခံများ၏ ညည်းတွားမှုများအား ကြားနေရပါသည်။ မိမိဒေသအတွင်းတွင်းဖြစ်စေကာမူ သွားရေး၊ လာရေး၊ စားနပ်ရိက္ခာများ သယ်ယူပို့ဆောင်ရေးတွင်လည်း အင်မတန်ဒုက္ခပေးနေပါသည်ဟုလည်း သိရှိရပါသည်။ တစ်ဘက်တွင် NCA လက်မှတ်ရေးထိုးထားသော PNLA အနေဖြင့်လည်း စစ်ဘေးရှောင်များအား ကူညီရန်အတွက် သဘောထားထုတ်ပြန်မှုများပြုလုပ်ခြင်းရှိသလို၊ အချို့များတွင်လည်း သဘောထားထုတ်ပြန်မှုများ မပြုလုပ်သည်ကိုလည်းတွေ့ရှိခဲ့ရပါသည်။

## (ခ) ပအိုဝ်းဒေသတွင်း စစ်ပွဲအခြေအနေ

(မတ်လ ၂၀၂၃ ခုနှစ်တွင်) ရှမ်းပြည်တောင်ပိုင်း ပင်လောင်းမြို့နယ် နန်းနိမ်းကျေးရွာတွင် KNDF နှင့် စစ်ကောင်စီတို့အကြား တိုက်ပွဲဖြစ်ပွားခဲ့ပါသေးသည်။ ထိုတိုက်ပွဲတွင် စစ်ကောင်စီမှ ဒေသခံ နန်းနိမ်းကျေးရွာသူ/သားများအပါအဝင် ရဟန်းသံဃာများအား အစုလိုက်အပြုံလိုက် သတ်ဖြစ်မှုများလည်း ပြုလုပ်ခဲ့ကြပါသည်။ ထို့ကြောင့် ထိုအချိန်မှစ၍ ပင်လောင်းမြို့နယ်တွင်လည်း ဒေသခံပအိုဝ်းပြည်သူများနှင့် အခြားသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများအနေဖြင့် စတင်၍ စစ်ဘေးရှောင်ခဲ့ကြရပါသည်။


၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၁ ရက်နေ့တွင် ဟိုပုံးမြို့နယ် မဲနယ်တောင်ဒေသ၊ စံဖူးကျေးရွာတွင် စစ်ကောင်စီတပ် အပါအဝင် PNO/PNAတပ် နှင့် PNLA တပ်တို့ လက်နက်သယ်ဆောင်ခြင်း ကိစ္စအား အကြောင်းပြု၍ ထိတွေ့ပစ်ခတ်မှုများစတင်ဖြစ်ပွားခဲ့ပြီး ကျေးရွာရှိ နေအိမ်များ မီးလောင်ပျက်စီး ပြာကျခဲ့ရပါသည်။ ထို့နောက်၊ နောက်တစ်ရက် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၂ ရက်နေ့

တွင် ဆီဆိုင်မြို့နယ် နောင်ထောဝ်ကျေးရွာတွင် စစ်ကောင်စီမှ လေကြောင်းတိုက်ခိုက်မှု နှင့် လာရောက်ဖုံးကွဲခြင်းများပြုလုပ်ခဲ့ပြီး အပစ်မဲ့ အရပ်သားပြည်သူ သေဆုံးမှုရှိခဲ့ပြီး ထိုဒေသတွင် စစ်ရှောင်နေသော ကရင်နီပြည်မှ စစ်ရှောင်များလည်း ထိခိုက်နာကျင်မှုများရှိခဲ့သောကြောင့် နောင်ထောဝ်သို့ရောက်ရှိနေသော ကရင်နီမှစစ်ရှောင်များ နှင့် ဒေသခံရွာသူရွာသားများမှ လုံခြုံသောနေရာဒေသများသို့ ထပ်မံရွှေ့ပြောင်းပြီး စစ်ရှောင်နေခဲ့ရပါသည်။ ဆက်လက်၍ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၄ ရက်နေ့တွင် ဆီဆိုင်မြို့နယ်မှစ၍ စစ်ကောင်စီ၊ PNO/PNA ပူးပေါင်းတပ် နှင့် PNLA ၊ KNDF၊ PPDF ပူးပေါင်းတပ်တို့ အကြား ပစ်ခတ်တိုက်ခိုက်မှုများစတင်လာကာ စစ်ကောင်စီမှ ဆီဆိုင်မြို့အား လေကြောင်းဖုံးကွဲတိုက်ခိုက်မှုများ၊ လက်နက်ကြီးပစ်ခတ်မှုများဖြင့် စတင်တိုက်ခိုက်လာပါပြီး ရှမ်းပြည်နယ်တောင်ပိုင်းတွင် စစ်မျက်နှာပြင် စတင်ဖွင့်လှစ်ခဲ့ကြသည်။ တိုက်ပွဲများသည် ဆီဆိုင်မြို့နယ်မှ အစပြု၍ ဟိုပုံးမြို့နယ် နှင့် ပင်လောင်းမြို့နယ်သို့ ကူးစက်လာခဲ့ပါသည်။ ထိုစစ်ပွဲများကြောင့် ရှမ်းတောင်တွင် ကရင်နီပြည်နယ်မှ စစ်ရှောင်လာကြသော စစ်ဘေးရှောင်များအပြင်၊ ဒေသခံ ပအိုဝ်းပြည်သူများ နှင့် အခြားသော တိုင်းရင်းသားပြည်သူများသည်လည်း စစ်ဘေးရှောင်များ အဖြစ် စစ်မက်ဖြစ်ပွားခြင်းမရှိသော ကျေးရွာ နှင့် မြို့ပြများသို့ စစ်ရှောင်လာကြရပါသည်။



လက်ရှိနိုင်ငံရေးအကျပ်အတည်းအောက်တွင် ဒေသအတွင်းရှိ လူငယ်များ ၇၅% ခန့်သည် ပြည်ပသို့ ရွှေပြောင်းပြီး ရရာအလုပ်လုပ်ကိုင်နေကြရပါသည်။ PNA မှလည်း ကျေးလက်ဒေသဘက်တွင်နေထိုင်ကြသော လူငယ်များအား ၎င်းတို့၏ စစ်သင်တန်းများတွင် အတင်းအကြပ် တက်ခိုင်းစေပြီး အဓမ္မ စစ်သားစုဆောင်းခြင်းမျိုးလည်း ပြုလုပ်လျှက်ရှိပါသည်။ တစ်ဘက်တွင်လည်း စစ်ကောင်စီမှ စစ်မှု မထမ်းမနေရ ဥပဒေဖြင့် ကျေးရွာတွင်းရှိ လူငယ်များအား အတင်းအဓမ္မ စစ်သား စုဆောင်းခြင်းများပြုလုပ်လာပါသည်။ ထို့ကြောင့်ပင် လူငယ်များ ပိုမို၍ပြည်ပဘက်သို့ အခက်အခဲမျိုးစုံကြားမှ ထွက်ခွာကုန်ကြပါသည်။ အခြေအနေအရပ်ရပ်အောက်တွင် အချို့လူငယ်များ အနေဖြင့် နိုင်ငံရေး နှင့် တောင်လှန်ရေးတွင် ထဲထဲဝင်ဝင်ပါဝင်နေခြင်းမျိုးရှိလာကြသကဲ့သို့၊ အနာဂတ်မဲ့၊ မျှော်လင့်ချက်မဲ့ပြီး ဒုက္ခ ပင်လယ်ဝေနေကြရသူများလည်းရှိပါသည်။

ရှမ်းပြည်နယ်တောင်ပိုင်း စစ်ပွဲဖြစ်ပွားမှုဧရိယာပြမြေပုံ



## တပဋိပက္ခနှင့် စစ်ဘေးရှောင်ရခြင်းကြောင့် နယ်မြေဒေသများ၊ လူအုပ်စုများ၊ တစ်ဦးချင်း အပေါ် သက်ရောက်မှုများ နှင့် ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲများ

စစ်ဘေးသင့်ခြင်း၊ စစ်ဘေးရှောင်ရခြင်းကြောင့် အုပ်စုလိုက်သော်လည်းကောင်း၊ လူမျိုးစုလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းသော်လည်းကောင်း နေ့တစဉ် ရင်ဆိုင်ကြုံတွေ့ရသော စိန်ခေါ်ချက်များ နှင့် လိုအပ်ချက်များ မျိုးစုံရှိပါသည်။

စစ်ရှောင်လာသည့် အစောပိုင်းကာလများတွင် စစ်ရှောင်များသို့ အစားအသောက်နှင့် အသုံးအဆောင်များ လာရောက်ထောက်ပံ့ကူညီပေးသော အလှူရှင်များ၊ ပရဟိတအသင်းများရှိခဲ့သော်လည်း စစ်ရှောင်သည့်ကာလကြာမြင့်လာသည်နှင့် အမျှ လာရောက်လှူဒါန်းသော အလှူရှင်များ နဲပါးလာနေပြီး အချို့သော စစ်ရှောင်စခန်းများတွင် အစာရေစာ ပြတ်လတ်နေသည့်အထိ ကြုံတွေ့နေရပါသည်။ လနဲ့ချီပြီး အလှူရှင်များ လာရောက်ထောက်ပံမှုများ မရှိသည့်အတွက်ကြောင့် စစ်ရှောင်များသည် စားဝတ်နေရေးအတွက် ကိုယ်ထူကိုယ်ထ ရုန်းကန်နေရသည်မှာ လွန်စွာခက်ခဲလှပါသည်။ စစ်ရှောင်များအတွက် ရိက္ခါသယ်ဆောင်သော လမ်းကြောင်းနှင့် ပို့ဆောင်ဆက်သွယ်ရေးလမ်းမကြီးများကို စစ်ကောင်စီမှ ပိတ်ဆို့ထားသည့်အတွက် လှူဒါန်းသော အလှူရှင်များလည်း ပေါ်ပေါ်ထင်ထင်မလှူဒါန်းရဲသည့် အခြေအနေဖြစ်နေပါသည်။ အစားအသောက်နှင့် ဆေးဝါးများကို သယ်ဆောင်ခွင့် ကန့်သတ်ထားနေသလို အကယ်၍ သယ်ဆောင်နေသည်ကို တွေ့ရှိလျှင် စစ်ကောင်စီမှ ဖမ်းဆီးနေသည့်အတွက် စစ်ဘေးရှောင်များအား အစားအသောက် အထောက်အပံများ ထောက်ပံ့ရန် အခက်အခဲများစွာရှိနေပါသည်။

လမ်းမကြီးနှင့် အလှမ်းဝေးသော ဒေသများတွင် ရှိသော စစ်ရှောင်စခန်းများသည် စားနပ်ရိက္ခါနှင့် ထောက်ပံပစ္စည်းများ ရရှိမှု ပိုမိုနဲပါးပြီး ရံဖန်ရံခါတွင် လူဦးရေ အယောက် ၂၀၀-၃၀၀ အတွက် ကြက်ဥအနဲငယ်နှင့် ဆန် (၁)အိတ်သာကျန်ရှိသည့် အခြေအနေအထိ ကြုံတွေ့နေရပါသည်။ စစ်ရှောင်များအား အဓိကအနေဖြင့် အစားအသောက်များကိုသာ လာရောက်ထောက်ပံ့ကြပြီး စစ်ရှောင်စခန်းအတွင်းမှ အထူးသဖြင့် သက်ကြီးရွယ်အိုများ





နှင့် ကိုယ်ဝန်ဆောင်မိခင်များအတွက် လိုအပ်သော ဆေးဝါးနှင့် ကျန်းမာရေးဖြည့်စွက်စာများ ၊ အရွယ်မရောက်သေးသည့် ကလေးငယ်များအတွက် လိုအပ်သော အဟာရဖြည့်စွက်စာများနှင့် ဆေးဝါးများ လာရောက်ထောက်ပံ့မှုများ အင်မတန်နည်းပါးနေပြီး အရေးတကြီးလိုအပ်လျှက်ရှိသည်။

စစ်ရှောင်စခန်းများအတွင်း အမျိုးသမီးစစ်ရှောင်များအတွက် ပုံမှန်လိုအပ်သော လစဉ်သုံးပစ္စည်းများ၊ ကိုယ်ဝန်ဆောင်မိခင်များအတွက် လိုအပ်သောဆေးဝါးများနှင့် အမျိုးသမီးများ တကိုယ်ရည်သုံးပစ္စည်းများသည် အရေးကြီး လိုအပ်နေဆဲဖြစ်ပြီး ထိုအသုံးအဆောင် ပစ္စည်းများနှင့် ပတ်သတ်၍ လာရောက်ထောက်ပံပေးခြင်း များလည်း အလွန်ပင် နည်းပါးပါသည်။

### (က) အမိုးအကာ၊ နေထိုင်စားသောက်ရေးတွက် စိန်ခေါ်ချက်များ နှင့် လိုအပ်ချက်များ

စစ်ရှောင်များသည် ဒေသအာဏာပိုင်များနှင့် ကျေးရွာမှ သတ်မှတ်ပေးထားသော နေရာများတွင် ယာယီလူနေတဲ စခန်းများ ဆောက်လုပ်ပြီး အဆင်ပြေသလို နေထိုင်နေကြသည်။ အချို့နေရာဒေသ စစ်ရှောင်စခန်းများတွင် နေရာလုံ လောက်မှုမရှိသောကြောင့် နီးစပ်ရာ အသိမိတ်ဆွေများ၏ နေအိမ်များ၊ ဘုန်းကြီးကျောင်းနှင့် ဓမ္မာရုံများတွင် နေထိုင်နေကြရသလို၊

အချို့သော ငွေကြေးရှိသူများက လူနေအိမ်များဌာရမ်းခြင်း ရှိသော်လည်း အချို့မြို့များတွင် စစ်ရှောင်များကို လူနေအိမ်ဌာရမ်းခြင်းမပြုရဆိုသည့် အမိန့်များ ထုတ်ပြန်ခဲ့သည်များ ရှိခဲ့ပါသည်။ စစ်ရှောင်စခန်းတွင် နေထိုင်ရသော စစ်ရှောင်များသည်လည်း ရာသီအလိုက် လိုအပ်သော အသုံးအဆောင်များ လောက်ငှမှု မရှိနေသေးပေ။ ရာသီအလိုက် ဖြစ်ပွါးတတ်သော ရောဂါများ၊ စစ်ရှောင်စခန်းတွင်း လူဦးရေ ထူထပ်မှုများကြောင့် အစာအဟာရဓာတ်မပြည့်ဝခြင်းများကြောင့် စစ်ဘေးရှောင်များအချင်းချင်းကြား ရောဂါကူးစက်မှုများ ပိုမိုများပြားလာနေပါသည်။

## (ခ) ကျန်းမာရေးနှင့် ဆေးဝါးကုသရေး လက်လှမ်းမှီမှု အခြေအနေ

လက်ရှိတွင် စစ်ဘေးရှောင်များ၏ ဆေးဝါးကုသရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များအတွက် သက်ဆိုင်ရာ မြို့နယ်ရှိ တိုက်နယ်၊ မြို့နယ်ဆေးရုံ၊ ဆေးခန်းများသို့ သွားရောက်နိုင်သလို တစ်လလျှင် တစ်ကြိမ်၊ နှစ်ကြိမ်ခန့် အခမဲ့ လာရောက်ကုသပေးသော အရပ်ဖက်အစည်းအချို့မျှသာ ရှိပါသည်။ သို့သော်လည်း ဆေးဝါးအရင်းအမြစ်နှင့် အခြားလိုအပ်သော အရင်းအမြစ်များရရှိနိုင်မှုသည် အကန့်အသတ်ဖြင့်သာ ရရှိနိုင်သော အခြေအနေများကြောင့် အများစုအတွက် ဆေးဝါးနှင့် အခြေခံကျန်းမာရေးဝန်ဆောင်မှု လိုအပ်ချက်များရှိနေဆဲပင်ဖြစ်သည်။ မြို့နယ်ဆေးရုံများသို့ သွားရောက်ကုသရာတွင်လည်း လိုအပ်သောဆေးဝါးများကို ဆေးရုံပြင်ပဆေးဆိုင်များမှ ဝယ်ယူသုံးစွဲနေရပြီး ထိုသို့ဝယ်ယူနိုင်ရန်အတွက် ဝင်ငွေရလမ်းမရှိသလောက်ဖြစ်နေသော စစ်ဘေးရှောင်ပြည်သူများအဖို့ ဆေးဝါးကုသရေးနှင့် ကျန်းမာရေး



ကိစ္စများတွင် အခက်အခဲများစွာရှိနေပါသည်။ ထို့ကြောင့် စစ်ဘေးရှောင်များ အနေဖြင့် အကယ်၍ ဖျားနာပြီး နေထိုင်မကောင်းသည်များ ဖြစ်ပေါ်လာခဲ့လျှင် တတ်သိသူများကို မေးမြန်းပြီး ကိုယ်ပိုင်နည်း၊ ကိုယ်ပိုင်ဟန်များဖြင့်သာ အဆင်ပြေသလို နည်းလမ်းများဖြင့် အချင်းချင်းပြန်လည်ကုသပေးနေကြရသည်။
ဆေးဝါးကုသရေးနှင့် စပ်လျဉ်းပြီး အခမဲ့ ကုသပေးသော အဖွဲ့များအနည်းစုမျှသာရှိပြီး၊ မရှိသလောက်ပင် ဖြစ်နေသည်ဟုဆိုနိုင်ကာ ဝင်ငွေမရှိသော စစ်ရှောင်များအတွက် ဆေးဝါးကုသရန် စိန်ခေါ်မှုများ များစွာရှိနေပါသည်။ ထို့ကြောင့် အချင်းချင်း တတ်သိသော နည်းလမ်းများဖြင့် အဆင်ပြေသလိုပင် ကုသနေကြရသည်။

ရှမ်းပြည်တောင်ပိုင်းသို့ရောက်လာသော စစ်ရှောင်များ၊ သက်ကြီးရွယ်အိုများ၊ လေးငယ်များသည် ဒေသ၏ ပြင်းထန်သော ရာသီဥတုများကြောင့် ဖျားနာခြင်း၊ နာမကျန်းဖြစ်ခြင်းများ မကြာခနဖြစ်ပွါးနေကြပါသည်။။
စစ်ဘေးရှောင်စခန်းများသို့ လာရောက်လှူဒါန်းသော ပစ္စည်းများသည် အစားအသောက်များသာ အများစုဖြစ်နေပါသည်။ လက်ရှိတွင် ရှမ်းတောင်ဒေသများသို့ စစ်ဘေးရှောင်လာသော စစ်ရှောင်ပြည်သူများထဲတွင် အများစုသည် အမျိုးအသီးများ ဖြစ်နေကြပြီး ၄င်းတို့နှင့်စပ်လျဉ်းပြီး အမျိုးသမီးကျန်းမာရေးနှင့် ဆက်စပ်သော အခြေခံလိုအပ်သော အသုံးအဆာင်များ မရှိသည့်အတွက်ကြောင့် အများစုသည် ဖြစ်သလိုနည်းများဖြင့် နေထိုင်နေကြရသည်။

## (ဂ) ပညာရေးဆိုင်ရာ အခြေအနေ

လက်ရှိကာလတွင် စစ်ပွဲဖြစ်ပွား၍ အခြားနေရာဒေသသို့ စစ်ရှောင်နေထိုင်နေရသော စစ်ဘေးရှောင်လူငယ်များ၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်း ပညာသင်ယူနေသော ကျောင်းသူကျောင်းသားများအနေဖြင့် မိမိစစ်ရှောင် နေထိုင်ရာဒေသတွင် စစ်ဘေးရှောင်ကျောင်းသူကျောင်းသားများအနေဖြင့် စာရင်းသွင်း၍ အတန်းပညာအားဆက်လက် သင်ကြားကြရပါသည်။ ဤအခြေအနေအောက်တွင် ကျောင်းသူကျောင်းသားများအနေဖြင့်

များစွာသော စိတ်ဖိစီးမှု နှင့် အခြားသော စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားရမှုမျိုးများရှိနေပါသည်။ မိမိ၏နေရာဒေသမဟုတ်သော နေရာတွင် ရုတ်တရက်ပြောင်းရွှေ့နေထိုင်ရခြင်းကြောင့် ကျင့်သားမရမှုများ၊ ခွဲခြားဆက်ဆံခံရမှုများ၊ သိမ်ငယ်မှုများရင် ဆိုင်ကြုံတွေ့ကြရပြီး ပညာဆက်လက်သင်ကြားရန်အတွက် ကြောက်ရွံ့မှုများလည်း ခံစားလာရကြသောကြောင့် ပညာ ရေးတပိုင်းတစဖြင့် ကျောင်းထွက်သွားကြသော ကလေးသူငယ်များ၊ ကျောင်းသူကျောင်းသားများ လည်း အများအပြားရှိပါသည်။စစ်ရှောင်ရန်အတွက် ရောက်ရှိသော နေရာဒေသများတွင် ကျောင်းတက်ချင်ပါသော်လည်း စစ်ရှောင်ချိန်တွင် အရေးပေါ်ရှောင်ရသောကြောင့် ကလေးသူငယ်များအနေဖြင့် အထောက်အထားများ မယူဆောင်လာနိုင်သော ကြောင့်လည်း ပညာသင်ကြားခွင့်ဆုံးရှုံးရခြင်းများ ကြုံနေကြရပါသည်။ ရောက်ရှိသောဒေသရှိ အခြေခံပညာ သင်ကျောင်းတွင် ပညာသင်နေသော စစ်ရှောင်ကလေးများနှင့် ဒေသခံကလေးငယ်များအကြား ကွာဟမှုများ၊ ခွဲခြားမှု များလည်း မသိမသာ မြင်တွေ့နေရပါသည်။



တက္ကသိုလ်အဆင့် ပညာရေးအား ကြည့်မည်ဆိုပါကလည်း အာဏာသိမ်း စစ်ကောင်စီ၏ စနစ်ဆိုးအောက်တွင် ပညာဆက်လက်မသင်ကြားလို၍ မိမိတို့၏ ပညာရေးအား ရပ်တန့်ကာ အနာဂတ်များပျောက်ဆုံးနေသော လူငယ်ထုများလည်း အများအပြားရှိလာပါသည်။ ထိုအခြေအနေသည်လည်း တဖက်တွင် နိုင်ငံ၏ အနာဂတ်အား အောက်ဆုံးသို့ဆွဲချနေရာ ရောက်ပါသည်။ နောင်အနာဂတ်တွင် နိုင်ငံတွင်း ပညာတတ်များ၊ အတန်းပညာအဆင့်အမြင့်သင်ကြားရသူများ၊ လူငယ်ခေါင်းဆောင်များ မွေးထုတ်ပေးရန်အတွက် လွန်စွာမှ အဟန့်အတားဖြစ်စေသော အခြေအနေပင်ဖြစ်ပါသည်။ မိမိနိုင်ငံတွင် ပညာတတ်များနည်းပါးလာအောင် အာဏာသိမ်း စစ်ကောင်စီမှ ရည်ရွယ်ချက်ရှိရှိဖြင့် ရက်စက်စွာ လုပ်ဆောင်နေသည့် သဘောသက်ရောက်နေပါသည်။

## စစ်ဘေးရှောင်နေစဥ်ကာလ လုံခြုံရေးဆိုင်ရာ စိုးရိမ်ချက်များ

စစ်ကောင်စီသည် စစ်ဘေးရှောင်ရန် ရောက်ရှိလာသည့် စစ်ဘေးရှောင်များအား ဒေသခံများနှင့် လူမျိုးရေးမုန်းတီးရေး ၊ ပဋိပက္ခများ ဖန်တီးခဲ့သည့် ဖြစ်စဉ်များလည်းရှိခဲ့ပါသည်။ အထူးသဖြင့် ပင်လောင်းမြို့နယ် နမ်းနိန်းတိုက်ပွဲအပြီးတွင် ပိုမိုသိသာထင်ရှားလာပြီး အခြားပအိုဝ်းလူမျိုးများမဟုတ်သော စစ်ရှောင်များကို ဒေသအတွင်းတွင် လက်ခံခြင်းမပြုရေးကို ၁၁-၁၁ စစ်ဆင်ရေးအပြီးတွင် ပြောဆိုမှုများရှိနေသည်။



ထို့အပြင် ပင်လောင်းမြို့နယ်အတွင်းတွင် စစ်ရှောင်ပြည်သူများအတွက် နေရေးထိုင်ရေးနှင့် သွားလာရေးအတွက် လုံခြုံမှုများ မရှိသလိုခံစားနေရသည့်အတွက် ( စစ်ကောင်စီတပ်များ၏ စစ်ဆေးဂိတ်များခြင်းနှင့် မကြာခနစစ်ဆေးမေးမြန်းခြင်းများကြောင့်) ညောင်ရွှေကဲ့သို့သော မြို့နယ်များသို့ ပြောင်းရွှေ့သွားကြသော စစ်ရှောင်ပြည်သူများလည်း ရှိပါသည်။

စစ်ရှောင်များ ယာယီနေထိုင်သော နေရာများသို့ စစ်ကောင်စီမှ ရှောင်တခင် ဝင်ရောက်စီးနင်း စစ်ဆေးသော အဖြစ်အပျက်များလည်း ၂၀၂၃ ခုနှစ် နှစ်လယ်ပိုင်း၌ ဖြစ်ပွါး

ခဲ့ပြီး ထိုသို့ဝင်ရောက်စစ်ဆေးစဉ် ယာယီစစ်ရှောင်စခန်းအတွင်းရှိ စစ်ရှောင်များ၏ မိုဘိုင်းဖုန်းများနှင့် ငွေကြေးအချို့ကိုလည်း စစ်တပ်မှ သိမ်းဆည်းခဲ့သည့် ဖြစ်စဉ်များရှိခဲ့သလို သံသယရှိသော စစ်ရှောင်စခန်းအတွင်းရှိ လူငယ်များအားလည်း အကြမ်းဖက် မတရားဖမ်းဆီးခဲ့သော ဖြစ်စဉ်များလည်းရှိခဲ့ပါသည်။ ထို့အပြင် ၂၀၂၃နှစ်ကုန်ပိုင်း ဒီဇင်ဘာလ၌ ညောင်ရွှေမြို့နယ်ရှိ ပေါရိသတ် ဘုန်းကြီးကျောင်းအတွင်း စစ်ရှောင်နေသော ပြည်သူများကို စစ်ကောင်စီတပ်နှင့် ပူပေါင်းအုပ်စုများက ရုတ်တရက် ဝင်ရောက်စစ်ဆေးပြီး ထိုစစ်ရှောင်များထဲမှ လူငယ် (၄) ဦးအား မတရားဖမ်းဆီးခေါ်ဆောင်သွားသည့် ဖြစ်ရပ်မျိုးများလည်းရှိခဲ့ပါသည်။

စစ်ကောင်စီသည် စစ်ရှောင်စခန်းများသို့ အချိန်မရွေး ဝင်ရောက်စစ်ဆေးပြီး သံသယရှိလူငယ် လူရွယ်များကို ဖမ်းဆီးမှုများကြောင့် ယာယီစခန်းအတွင်းနေထိုင်ကြသော စစ်ရှောင်ပြည်သူများသည် စစ်ကောင်စီ၏ အချိန်မရွေး ဖမ်းဆီးနိုင်သည့်အခြေအနေတွင် ရှိနေပြီး မလုံမခြုံဖြစ်နေကြောင်း စစ်ရှောင်အရေး လုပ်ရှားဆောင်ရွက်ပေးနေသူတဦး၏ ပြောကြားချက်များအရသိရပါသည်။ “အချို့စစ်ရှောင်စခန်းများကို စစ်ကောင်စီက ဝင်ရောက် မွှေနှောက်စစ်ဆေးပြီး လက်နက်များတွေ့ရှိတယ်လို့ ပြောဆိုပြီး သံသယရှိတဲ့ လူငယ် လူရွယ်တွေကို ဖမ်းဆီးသွားတဲ့ ဖြစ်စဉ်တွေလည်း ရှိခဲ့တယ်”။ လက်ရှိအချိန်ကာလအထိ စစ်ရှောင်များအတွက် အချိန်တိုင်း၊ နေရာတိုင်း၌ အစစ်ဆေးခံ၊ ဖမ်းဆီချုပ်နှောင်ခံရနိုင်သော အခြေအနေအောက်တွင် ရှိနေပါသည်။

စစ်ဘေးရှောင်စခန်းသို့ ကူညီထောက်ပံမည့် စားနပ်ရိက္ခါနှင့် အသုံးအဆောင်ပစ္စည်းများကို မြို့နယ်အသီးသီးတွင်ရှိသော စစ်ကောင်စီစစ်ဆေးရေးဂိတ်များတွင် စစ်ကောင်စီက ဖြတ်သန်းခွင့်မပေးဘဲ ပိတ်ဆို့ထားခြင်းကြောင့် တောင်ကြီးမြို့ပေါ်အထိသို့ စစ်ဘေးရှောင်များကိုယ်တိုင် လာရောက်ထုတ်ယူခဲ့ရပါသည်။ ထိုသို့ ထောက်ပံ့ရေးပစ္စည်းများနှင့် စားနပ်ရိက္ခါလများ ကိုယ်တိုင်လာရောက်ထုတ်ယူသော ၂/မျဉ်းစောင်း နိုင်ငံရေးစီစစ်ရေးကဒ် ကိုင်ဆောင်ထားသည့် ကရင်နီပြည်သူများကို စစ်ကောင်စီမှ ဖမ်းဆီးမှုများရှိခဲ့ပြီး ထိုဖမ်းဆီးခံရသော ပြည်သူများအချို့ကို သက်ဆိုင်ရာ စစ်ရှောင်ကူညီပေးရေး ကော်မတီများ၊ ကိုယ်စားလှယ်များ၏ ညှိနှိုင်းမှုဖြင့် စစ်ကောင်စီ





မှ ပြန်လည်လွှတ်ပေးခဲ့သည်များ ရှိနေပါသော်လည်း အများစုသော စစ်ရှောင်ပြည်သူများအတွက် လုံခြုံမှုမရှိနေသေးပေ။

တောင်ကြီးမြို့ပေါ်တွင် စစ်ရှောင်များကို လုံးခြင်းအိမ်များ ငှာရမ်းခြင်းများမပြုရန် ဒေသအာဏာပိုင်များမှ အမိန့်များထုတ်ပြန်ထားခဲ့ဖူးသည်။ စစ်ကောင်စီသည် ရှမ်းတောင်တွင် ၂၀၂၃ ခုနှစ်စောပိုင်း၌ စစ်ဘေးရှောင်ရန် ခိုလှုံရောက်ရှိလာသော စစ်ဘေးရှောင်များကို စစ်ရေးပဋိပက္ခများ ပြင်းထန်နေသော ၄င်းတို့၏နေရပ်သို့ ၂၀၂၃ ခုနှစ် နိုဝင်ဘာလမကုန်မှီ ပြန်ရမည်ဟု အမိန့်ထုတ်ပြန်ခဲ့ခြင်းများရှိခဲ့ပါသည်။ ကရင်နီပြည်နယ်အတွင်းတွင် ၂၀၂၃ ခုနှစ်ကုန်သည်အထိ နေရာဒေသအနှံ့အပြားတွင် တိုက်ပွဲများ ဆက်လက် ပြင်းထန်နေဆဲဖြစ်သောကြောင့် စစ်ဘေးရှောင်ပြည်သူများ နေရပ်သို့ပြန်နိုင်ရန် မဖြစ်နိုင်သေးသော အခြေအနေများ ရှိနေသည့်အတွက်ကြောင့် ဒေသအခြေအနေမတည်မငြိမ်မချင်း နေရပ်သို့ ပြန်ပို့ခြင်းများမပြုလုပ်ရန် NCA ၏ JMC လမ်းကြောင်းများဖြင့် အကာအကွယ်ယူပြီး စစ်ကောင်စီနှင့် စေ့စပ်ညှိနှိုင်းမှုများလုပ်ခဲ့ရပါသည်။

အထူးသဖြင့် မောက်မယ်ဒေသသို့ လာရောက်ခိုလှုံနေကြသော စစ်ရှောင်များသည် ယခုလက်ရှိတွင် ထိုဒေသသို့ စစ်ပွဲများထပ်မံဖြစ်ပွါးလာမည်ဟူသော စိုးရိမ်ချက်များကြောင့် အခြားသောမြို့နယ်များဖြစ်သော

ညောင်ရွှေ၊ နောင်တရားအစရှိသည့် နယ်မြေအနေအထားအရ ပိုမိုလုံခြုံသော မြို့နယ်များ၊ ဒေသများသို ထပ်မံရွှေ့ပြောင်းပြီး စစ်ရှောင်နေကြရသည်။

ဆီဆိုင်မြို့နယ် နောင်ထောဝ်၌ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၂ ရက်နေ့တွင် စစ်ကောင်စီမှ လေယာဉ်များဖြင့် ဗုံးကျဲတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပြီး တိုက်ပွဲများ ဆက်လက်ပြင်းထန်နိုင်သည့် အခြေအနေများကြောင့် နောင်ထောဝ်သို့ရောက်ရှိနေသော ကရင်နီစစ်ရှောင်များလည်း လုံခြုံသောနေရာဒေသများသို့ ထပ်မံရွှေ့ပြောင်းပြီး စစ်ရှောင်ကြရပါသည်။

## စစ်ဘေးရှောင်နေစဉ်ကာလနှင့် စစ်ဘေးရှောင်ရခြင်းကြောင့် ဖြစ်ပေါ်လာသော စိတ်ပိုင်းဆိုင်ရာအပေါ် သက်ရောက် ထိခိုက်မှုများ

စစ်ရှောင်အများစုသည် ရုတ်တရက် ဖြစ်ပွါးသော ထိုးစစ်များ၊ တိုက်ပွဲများကြောင့် အိုးအိမ်များနှင့် ပိုင်ဆိုင်မှုများကို ထားရစ် စွန့်လွှတ်ခဲ့ကြရပြီး အဝတ်တစ်ထည်၊ ကိုယ်တခုဖြင့်သာ ဘေးကင်းလုံခြုံသောအရပ်ဒေသများသို့ ထွက်ပြေးလာကြရသည်။ ထိုသို့ဖြင့်ချန်ရစ်ခဲ့ရသော ၎င်းတို့ပစ္စည်းများနှင့် အိုးအိမ်များသည်လည်း စစ်ကောင်စီတပ်၏ မီးရှို့ခြင်း၊ ဝင်ရောက်တပ်စွဲထားပြီး ဖျက်ဆီးခြင်းနှင့် လက်နက်ကြီးများ ထိမှန်ခြင်း တို့ကြောင့် နေရပ်ပြန်ခွင့်ရှိသည့်တိုင် ပျက်စီး၊ ဆုံးရှုံးသွားသော အရာများအတွက် အများကြီး ပြန်ရုန်းကန်ရမည်ဟု စစ်ရှောင်နေသူတဦး၏ ရင်ဖွင့်ချက်များအရ သိရပါသည်။ ပင်လောင်းမြို့နယ်နှင့် ကရင်နီပြည်နယ် နယ်စပ်တစ်ဝိုက် ဖြစ်ပွါးခဲ့



သော တိုက်ပွဲများသည် ၂၀၂၃ ခုနှစ် ဇွန်လ မတိုင်ခင်တွင် ခေတ္တခဏ ငြိမ်သွားခဲ့ခြင်းရှိခဲ့သော်လည်း နယ်မြေလုံခြုံမှုများ မရှိသည့်အတွက်ကြောင့် စစ်ရှောင်ပြည်သူများအနေဖြင့် သတိကြီးကြီးထားပြီး သွားလာနေထိုင်ခဲ့ရပါသေးသည်။ ထို့အပြင် နေအိမ်ဖျက်ဆီးခံရသော စစ်ဘေးရှောင်များ သည် ယခုထက်ထိ အခြေခံအဆောက်အအုံများ အကောင်အထည်ပြန်လည်ဖေါ်ဆောင်နိုင်ခြင်း မရှိနေသေးပေ။ ကရင်နီပြည်နယ်က စစ်ဘေးရှောင်များသည် ၎င်းတို့ဒေသ၌ လက်ရှိအချိန်ထိ တိုက်ပွဲများ ပြင်းထန်နေဆဲ ဖြစ်နေသလို နေအိမ်များလည်း တိုက်ပွဲများဒဏ်၊ လက်နက်ကြီးဒဏ်များကြောင့် ပျက်စီးကုန်လုနီးပါး ဖြစ်နေသလို နေရပ်သို့ပြန်နိုင်သည့် အခြေအနေနှင့် အခင်းအကျင်းများ မရှိနေသေးပေ။

နေရပ်သို့ အရဲ့စွန့်ပြီး လိုအပ်သည့် ပစ္စည်းများပြန်သူသယ်ဆောင်သော စစ်ရှောင်ပြည်သူများအချို့သည်လည်း လက်နက်ကိုင်အုပ်စုများ ထောင်ထားသော မိုင်းများနင်းမိပြီး ကိုယ်လက်အင်္ဂါဆုံးရှုံးသွားခြင်း၊ အသက်ဆုံးရှုံးသွားခြင်း၊ စစ်ကောင်စီ၏ ဖမ်းဆီး သတ်ဖြတ်မှုခံရခြင်း စသဖြင့် ကြုံတွေ့နေကြရသောကြောင့် နယ်မြေအနေအထားအရ နေရပ်ပြန်ရန် မဖြစ်နိုင်သေးသလို ယာယီစစ်ရှောင်နေသော နေရာတွင်လည်း ရေရှည်ရပ်တည်နိုင်ရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများနှင့် စားဝတ်နေရေးအတွက် အခက်အခဲများစွာဖြင့် ရုန်းကန်နေရဆဲပင်ဖြစ်သည်။

၁၁-၁၁(တစ်လေးလုံး) စစ်ဆင်ရေးကြောင့် ရှမ်းပြည်တောင်ပိုင်းဒေသသို့ ထပ်မံပြောင်းရွှေ့လာသော စစ်ရှောင်အများအပြား ထပ်တိုးလာခဲ့ပြီး ထိုစစ်ဆင်ရေးနောက်ပိုင်း ရောက်ရှိလာသောစစ်ရှောင်များအဖို့ ပိုမိုခက်ခဲနေသော အခြေအနေများရင်ဆိုင်ရပါသည်။ စစ်ရှောင်စဉ်ပါလာသော ငွေစများလည်း စစ်ရှောင်ကာလကြာလာသည့်အမျှ လုံလောက်မှုမရှိတော့သည့်အပြင် လက်ရှိတွင် စစ်ရှောင်စခန်းများသို့ လာရောက်ထောက်ပံ့သော အလှူရှင်များလည်း အလွန်နည်းပါလာသည့်အတွက်ကြောင့် စားနပ်ရိက္ခါနှင့် နေရေးထိုင်ရေးအတွက် အခက်အခဲများ ကြုံရပါသည်။ ဒေသတွင်း အလုပ်အကိုင်များတွင် စစ်ရှောင်များအနေဖြင့် တချို့ဝင်ရောက် အလုပ်လုပ်နိုင်သော်လည်း စိုက်ပျိုးရာသီကုန်တော့မည့် နွေရာသီတွင် စစ်ရှောင်များအတွက် အလုပ်အကိုင်နည်းပါးလာပြီး စားဝတ်နေရေးအခြေအနေ ပိုမိုကျပ်တည်းလာနိုင်ကြောင်း

စစ်ရှောင်အရေး ကူညီဆောင်ရွက်ပေးနေသူများ၏ ပြောကြားချက်အရသိရပါသည်။ ဒေသတွင်း လုပ်ငန်းများတွင် ဝင်ရောက် အလုပ် လုပ်ကိုင်နိုင်သော စစ်ရှောင်ဦးရေသည် အနည်းငယ်မျှသာဖြစ်ပြီး၊ စီးပွါးရေး အကျပ်အတည်း ပေါ်ပေါက်နေသော မြန်မာနိုင်ငံ၏ လက်ရှိအခင်းအကျင်းအောက်တွင် မြန်မာတနိုင်ငံလုံး အတိုင်းအတာအားဖြင့် များစွာခက်ခဲနေဆဲပင်ဖြစ်ပါသည်။ ထို့ကြောင့် စစ်ရှောင်များအနေဖြင့် လက်ရှိအကျပ်အတည်းကို ဖြေရှင်းနိုင်ရန် စစ်ရှောင်အမျိုးသမီးအချို့သည် လိင်လုပ်သားများအဖြစ် ဝင်ငွေရရှိရေးအတွက် လုပ်ကိုင်နေကြရသည်များလည်း ရှိနေကြောင်း စစ်ရှောင်ပြည်သူအသိုင်းအဝိုင်းနှင့် နီးစပ်သူများ၏ ပြောပြချက်များအရသိရပါသည်။ စစ်ရှောင်များသည် ၎င်းတို့ဒေသတွင်းတွင် ယနေ့ထိုင်တိုင် တိုက်ပွဲများဖြစ်ပွါးနေသည့်အတွက် နေရပ်မပြန်နိုင်သေးသည့်အပြင် စစ်ရှောင်ကာလကြာမြင့်သည်နှင့်အမျှ စာဝတ်နေရေးအတွက် များစွာရုန်းကန်နေရပါသည်။ အများစုမှာ ရောက်ရှိရာဒေသရှိ စိုက်ပျိုးရေးလုပ်ငန်းများတွင် နေ့စားအလုပ်သမားအဖြစ် ဝင်ရောက်လုပ်ကိုင်ပြီး ဝင်ငွေရလမ်းအဖြစ်၊ ရပ်တည်ရေးအဖြစ် အားတင်းထားနေရပါသည်။ သို့သော် အချို့ဒေသများတွင် စစ်ရှောင်များအား လုပ်အားခများ ခေါင်းပုံဖြတ်ခြင်း၊ အခြားလူများထက်လုပ်အားခများနှိမ်ခြင်း၊ စစ်ရှောင်ဖြစ်နေသောကြောင့် အလုပ်မသွင်းခြင်း စသဖြင့် ခွဲခြားမှုများလည်း ရှိနေကြောင်း စစ်ရှောင်များနှင့် စစ်ရှောင်ကူညီပေးနေသူများကို မေးမြန်းရာမှ သိရပါသည်။

ကရင်နီပြည်ဒေသရှိ ကျေးရွာများသို့ ရုတ်တရက်ထိုးစစ်ဆင်မှုများ ထိတွေ့တိုက်ပွဲများကြောင့် စစ်ဘေးဒဏ်နဲပါးပြီး လုံခြုံသောနေရာများသို့ ပြေးရှောင်ကြရင်း မိသားစုများ တကွဲတပြားစီဖြစ်သွားသော မိသားစုများ အများအပြားရှိနေသကဲ့သို့ လက်နက်ကြီးထိမှန်၍ ပြေးလွှားရင်းနှင့်ပင် သေဆုံးသွားသော ပြည်သူများလည်း အများအပြားရှိနေပါသည်။ အရွယ်မရောက်သေးသည့် ကလေးငယ်များသည်ပင် လက်နက်ကြီးနှင့် မိုင်းများကြောင့် ကိုယ်လက်အင်္ဂါ ဆုံးရှုံးနေကြရပြီး အထောက်အပံ့ပစ္စည်းများ လှူဒါန်းသော ပစ္စည်းများထဲတွင် အဆိုပါအုပ်စုများ အတွက် ကူညီထောက်ပံပေးသော ပစ္စည်းများ မရှိသလောက်ပင်ဖြစ်နေပါသည်။

စစ်ရှောင်စခန်းသို့ ရောက်လာသောစစ်ဘေးရှောင်များထဲတွင် ရှမ်း၊





ကရင်နီ၊ ပအိုဝ်း နှင့် အခြားသော တိုင်းရင်းသားအနည်းစု စသော တိုင်းရင်းသားပေါင်းများစွာပါဝင်နေပါသည်။ လူသားချင်းထောက်ထားမှု အကူအညီများထောက်ပံရေးတွင် စစ်ကောင်စီ၏ ပိတ်ဆို့တားဆီးမှုများကြောင့် ပင်လောင်းမြို့နယ် စစ်ဘေးရှောင်များကို ကူညီရန်အတွက် စန္ဒာခမ်းကော်မတီ စစ်ရှောင်ကူညီရေးအဖွဲ့ဖြင့် ၎င်းတို့က ကိုယ်စား ကူညီထောက်ပံမှုများ လုပ်ဆောင်ပေးကြရသည်။ သို့သော် ထိုကော်မတီ၏ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ဖြန့်ဖြူးရာတွင် လူမျိုးရေးအပေါ် ခွဲခြားဆက်ဆံမှုများရှိနေကြောင်း စစ်ဘေးရှောင်အရေးလှေ့လာနေသော အသိုင်းအဝိုင်းများ၏ ပြောကြားချက်များအရသိရပါသည်။ စစ်ရှောင်ပြည်သူများကို ဘာသာရေး၊ လူမျိုးရေး ကွဲပြားမှုအပေါ်မူတည်ပြီး ခွဲခြားဆက်ဆံ၍ ထောက်ပံ့သောအခြေအနေမျိုး တွေ့ရှိနေရပြီး အထူးသဖြင့် အချို့သော ပအိုဝ်းလူမျိုး အနဲငယ်သာရှိသော စစ်ရှောင်စခန်းများတွင် ထိုကော်မတီ၏ လူသားချင်းစာနာထောက်ထားမှု အကူအညီလာရောက်ထောက်ပံမှုများ မရှိသလောက်နဲပါးနေပါသည်။

စစ်ဘေးစစ်ဒဏ်များခံစားခဲ့ကြရသော စစ်ရှောင်စခန်းမှ ကလေးများအဖို့ စိတ်ပိုင်းဆိုင်ရာ ပဏာမကုသရေးနှင့် ဆိုင်သော ဆောင်ရွက်ပေးမှုမျိုး လိုအပ်နေသည့်အပြင် စစ်ရှောင်ကလေးငယ်များအတွက် ကလေးငယ်များတွင် ရှိသင့်ရှိထိုက်သည့် အခြေခံလိုအပ်ချက်များမရရှိနေသည့်အတွက်ကြောင့် ဒေသခံကလေးငယ်များအကြားတွင် စိတ်ညှိုးငယ်မှု ၊ စိတ်အားငယ်မှု

များကြုံတွေ့နေရပါသည်။

ပင်လောင်းမြို့နယ်နေရာအတော်များများတွင် ၂၀၂၁- ၂၀၂၂ ခုနှစ်ကတည်းက ရောက်နှင့်နေပြီးသား စစ်ရှောင်များမှအပ အခုနောက်ပိုင်းတွင် ပအိုဝ်းလူမျိုးမဟုတ်သော အခြားလူမျိုးများကို လက်ခံခြင်းမပြုရန် ပြောဆိုမှုများရှိနေပါသည်။

စစ်ရှောင်ပြည်သူများသည် ယခုနောက်ပိုင်းတွင် လာရောက်လှူဒါန်းပေးသော အလှူရှင်များ မရှိသလောက်နဲပါးလာပြီဖြစ်သည့်သောကြောင့် စားဝတ်နေရေးအတွက် ပင်ပန်းဆင်းရဲ ခက်ခဲစွာ ရုန်းကန်နေရသည့် အခြေအနေများ ရင်ဆိုင်နေရပါသည်။

## စိတ်ဒဏ်ရာ၊ စိတ်ပိုင်းဆိုင်ရာကျန်းမာရေး ထိခိုက်မှုများနှင့် ၎င်းတို့အား ပြန်လည်ကောင်းမွန်လာရန် လုပ်ဆောင်ရာတွင် ကြုံတွေ့ရသော စိန်ခေါ်ချက်များ

အချို့သောစစ်ရှောင်စခန်းများ၌ စစ်ရှောင်လာသောသူများတွင် မသန်စွမ်းသများနှင့် ကျန်းမာရေးချို့တဲ့သော စစ်ရှောင် ပြည်သူများပါဝင်နေပြီး ထိုအုပ်စုသည် စားဝတ်နေရေးအတွက် အခြားသောပုံမှန်စစ်ရှောင်များထက် စားဝတ်နေရေးကိစ္စများနှင့် အခြားသော အရေးသောအရေးကိစ္စများတွင် ပိုမိုခက်ခဲစွာ ရုန်းကန်နေကြသည်။ ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ



ထဲတွင် မသန်စွမ်းအုပ်စုဝင်များအနေဖြင့် အလုပ်အကိုင်ရရှိနိုင်ချေ အင်မတန်နဲပါးနေပြီး ထိုသူများကို ဦးတည်ပြီး ကူညီထောက်ပံ့ပေးသော ထောက်ပံပေးမှုမျိုး ယခုအချိန်ထိတိုင် မရှိသလောက်နဲပါးနေပါသည်။

စစ်ဘေးရှောင်ပြည်သူများအတွက် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးနှင့်ပတ်သတ်ပြီး ဝန်ဆောင်မှုပေးသည့်အဖွဲ့ များမရှိနေသေးပေ။ စစ်ဘေးကြောင့်နေရပ်မှ အတင်းရွှေ့ပြောင်းခံခဲ့ရသော၊ မိသားစုဝင်များ ဆုံးရှုံးသွားသော စစ်ရှောင်ပြည်သူများအတွက် စိတ်ပိုင်းဆိုင်ရာ ပြန်လည်ကုစားမှုများ လုပ်ဆောင်ပေးရန် အထူးလိုအပ်နေပြီး အထူးသဖြင့် ကလေးငယ်များသည် လက်ရှိ စစ်ဘေးဒဏ်မရှိသော ဒေသရောက်ရှိနေသည့်တိုင် လေယာဉ်သံများ ဆူညံသောအသံများကြားရသည်နှင့် အကာအကွယ်ရှိရာနေရာသို့ ရှောင်ပုန်း ငိုယိုခြင်းများ ဖြစ်နေဆဲပင်ဖြစ်သည်။

## စစ်ရှောင်များ၏ ဆုံးရှုံးထိခိုက်သွားသော အရာများ

စစ်ဘေးသင့်ခြင်းနှင့် စစ်ရှောင်ရခြင်းကြောင့် ပြည်သူလူထုများ၏ဘဝများ နစ်နာဆုံးရှုံးထိခိုက်သွားရခြင်းများ အဆမတန်ဖြစ်ပေါ်စေပါသည်။

### (က) အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအား အနှောက်အယှက်ပေးခံရမှုကြောင့် ကျပ်တည်းလာသော စီးပွါးရေးအခြေအနေများ

စစ်ရှောင်အများစုသည် ရုတ်တရက် ထိုးစစ်ဆင်မှုများကြောင့် မိမိတို့ပိုင်ဆိုင်သော ပစ္စည်းဥစ္စာများယူချိန်မရှိဘဲ အဝတ်တစ်ထည်ကိုယ်တစ်ခုနှင့် ထွက်ပြေးလာကြရသည်။ ထို့ကြောင့် မိမိတို့ စုမိဆောင်းမိသော ငွေကြေးတချို့ကိုသာ ယူဆောင်လာနိုင်သည်။ ထိုရွှေ၊ ငွေများသည်လည်း စစ်ရှောင်ရသည့် ကာလ ကြာမြင့်လာသည်နှင့် အမျှလောက်ငှမှု မရှိပေ။ ထိုကြောင့်ယာယီနေထိုင်ရသောနေရာတွင် စားဝတ်နေရေးအတွက် လုပ်ငန်းများဖော်ဆောင်ရန် မလွယ်ကူပေ။ ထို့အပြင် ထိုးတက်နေသော စားသောက်ကုန်ဈေးနှုန်းများ၊ ရောင်းရန်ခက်ခဲနေသော ဒေသထွက်ကုန်များအတွက် ဈေးကွက်များမရှိသည့် အခြေအနေအရပ်ရပ်များကြောင့် စစ်ရှောင်များ၏ ရေရှည်ရပ်တည်ရေးသည်

ပို၍ ကျပ်တည်းနေသည်။

လက်ရှိရှမ်းတောင်ပိုင်းသို့ ရောက်ရှိနေသောကရင်နီစစ်ဘေးရှောင်များသည် ဒေသအလုပ်အကိုင်အပေါ်မှုတည်ပြီး အလုပ်အကိုင်များ ရရှိနေသော်လည်း မောက်မယ်ကဲ့သို့သော လမ်းပန်း ဆက်သွယ်ရေးအခက်အခဲရှိသော ဒေသတွင် စစ်ဘေးရှောင်နေကြသော စစ်ရှောင်များသည် ဒေသတွင်း အလုပ်အကိုင်နဲပါးသောကြောင့် ဝင်ငွေမရှိ သလောက်ဖြစ်နေပါသည်။ မောက်မယ်တွင် စစ်ရှောင်များကို PNLA မှ ဆန်၊ ဆီနှင့် စောင်စသဖြင့် ထောက်ပံ့မှုများ ရှိနေပါသည်။

စစ်ရှောင်များသည် ၎င်းတို့စစ်ရှောင်စဉ်၌ အရင်းအနှီးစိုက်ထုတ်၍ စိုက်ပျိုးထားသော ပြောင်းများနှင့် အခြားသီးနှံများသည် တိုက်ပွဲများကြောင့် ရိတ်သိမ်းခြင်းမပြုနိုင်ဘဲ ဖြစ်သလိုသာ ထားခဲ့လိုက်ရအတွက် ထိုသီးနှံများ အကုန်နီးပါး ပျက်စီးကုန်သည့်အပြင် လက်ရှိရောက်ရှိရာ နေရာဒေသများတွင်လည်း အလုပ်အကိုင်ဖေါ်ဆောင်နိုင်ရန် အခက်အခဲများစွာရှိနေပြီး အများစုမှာ ရရာနေ့စားအလုပ်များကိုသာ လုပ်ဆောင်နေကြသည်။ အချို့ငွေကြေးရှိသူများအချို့သာလျှင် အစားအသောက်များ ချက်ပြုတ်ရောင်းချသည့် လုပ်ငန်းများ လုပ်ကိုင်နေနိုင်ကြသော်လည်း အများစုမှာ အလုပ်အကိုင်မဲ့နေပြီး ဝင်ငွေမရှိသော အနေအထားတွင်ရှိသကဲ့သို့ အလုပ်အကိုင်များ အကောင်အထည်ဖေါ်ရန် အခက်အခဲနှင့် စိန်ခေါ်ချက်များစွာရှိနေပါသည်။



စစ်ဘေးဒဏ်သင့်သောကြောင့် နေရပ်စွန့်ခွါသွားသော ပြည်သူများ၏ ပိုင်ဆိုင်သော ပစ္စည်းများကို စစ်ကောင်စီတပ်ဘက်မှ ဝင်ရောက်ဖျက်ဆီးခြင်း၊ အချို့ကျေးရွာများတွင် စစ်ကောင်စီတပ်မှ တပ်စွဲထားခြင်းနှင့် ၎င်းပြန်လည်



ထွက်ခွာသွားချိန်တွင် ပြည်သူပိုင်ပစ္စည်းများအား ဖျက်ဆီးခြင်း၊ မီးရှို့ခြင်းများ လုပ်ဆောင်ခဲ့ကြောင်း နေရပ်ခေတ္တပြန်သွားသော စစ်ရှောင်များ၏ ပြောဆိုချက်များအရသိရပါသည်။ ထိုသို့ မိမိပိုင် ပစ္စည်းများအား ဖျက်ဆီးခံရပြီးနောက် နောင်တချိန်တွင် မိမိတို့ဘဝ ပြန်လည်ထူထောင် အစပျိုးနိုင်ရန်အတွက် လမ်းစ မရှိတော့ပေ ဟူ၍လည်း ကြားသိရပါသည်။

## (ခ) အလုပ်အကိုင်ရှာဖွေရေးနှင့် လုပ်ငန်းများဖေါ်ဆောင် ပံ့ပိုးရေးတွင် ကြုံတွေ့ရသော စိန်ခေါ်ချက်များ

စစ်ရှောင်များသည် ရောက်နေသောဒေသတွင် စားဝတ်နေရေး ဖူလုံရန် ရရာအလုပ်များ ဝင်လုပ်နေကြချိန်တွင် လုပ်ငန်းခွင်အများစုသည် အမျိုးသားများကိုသာ ခေါ်ယူလေ့ရှိပြီး အမျိုးသမီးများအတွက် အလုပ်အကိုင်ရနိုင်သည့်အခွင့်အလမ်း အင်မတန်နဲပါးပါသည်။ တည်ငြိမ်မှုမရှိသော နိုင်ငံရေးစနစ်အောက် တရိပ်ရိပ်တက်လာနေသော ကုန်စျေးနှုန်းများနှင့် ကျဆင်းနေသော မြန်မာနိုင်ငံစီးပွါးရေး အခြေအနေအရပ်ရပ်ကြောင့် စစ်ဘေးစစ်ဒဏ် မရှိသောဒေသတွင်ပင် အနိုင်နိုင်ဖြင့် ရုန်းကန်နေကြရသည့်အနေအထားတွင် စစ်ဘေးရှောင်လာသော ပြည်သူများ၏ စားဝတ်နေရေး အခြေအနေသည် ပို၍ပင်ခက်ခဲလာနေပါသည်။

ယာယီစစ်ရှောင်စခန်းရှိ စစ်ဘေးရှောင်များသည် ပျှမ်းမျှအားဖြင့် အယောက် ၁၀၀ တွင် ၂၀ ဦးနီးပါးခန့်သာ ရာသီအလိုက် ပေါ်ပေါက်သော လုပ်ငန်းများတွင် အလုပ်အကိုင်အခွင့်အလမ်းရရှိကြသည်။ သို့သော် ဒေသတွင်း သွားလာမှုများ၌ စစ်ကောင်စီ စစ်ဆေးရေးဂိတ်များ ဖြတ်သန်းလာရာတွင် စစ်ဆေးမေးမြန်းခြင်းနှင့် ခွဲခြားဆက်ဆံမှုများကြောင် ( ၂/ နိုင်ငံသားစီစစ်ရေးကဒ် ကိုင်ဆောင်ထားခြင်းကြောင့်) စိန်ခေါ်မှုများ အခက်အခဲများ များစွာရှိနေဆဲပင်ဖြစ်သည်။

## လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ၊ အထောက်အပံ့များ ပံ့ပိုးခြင်းနှင့် လက်ခံခြင်းတွင် ကြုံတွေ့ရသော စိန်ခေါ်ချက်များ

### (က) လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကန့်သတ်ချက်များ


အရပ်ဘက်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ အနေဖြင့်လည်း စစ်ဘေးရှောင်များအတွက် လူသားချင်းစာနာမှုဆိုင်ရာ ကိစ္စရပ်များ ကူညီဆောင်ရွက် အကောင်အထည်ဖော်လုပ်ဆောင်ရာတွင်လည်း ကန့်သတ်ချက်များထားရှိသည့်အပြင်၊ လုပ်ကိုင်ဆောင်ရွက်သူများအား လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်ခံရမှုများလည်း မြေပြင်တွင် ဖြစ်ပေါ်လျှက်ရှိပါသည်။ ကူညီထောက်ပံ့ရေးဆိုင်ရာ ပစ္စည်းများသယ်ဆောင်ရာတွင်လည်း ကန့်သက်ချက်များထားရှိပြီး အချို့သော စားသုံးဆီ၊ ဆန်၊ ယာဥ်တွင် အသုံးပြုရသော စက်ဆီများ သယ်ဆောင်ခြင်းများလည်း စစ်ကောင်စီမှ ပြုလုပ်ခွင့်မပေးပေ။

လက်ရှိတွင် အစားအသောက်နှင့် အသုံးအဆောင်ပစ္စည်းများလာရောက် ထောက်ပံပေးသော အလှူရှင်များနဲပါး လာသည့်အတွက် တိုးပွါးလာနေသော စစ်ရှောင်များအတွက် လုံလောက်မှုမရှိနေသေးပေ။ အများစု လာရောက်ထောက်ပံပေးသည့် ပစ္စည်းများမှာ အစားအသောက်များသာ ဖြစ်နေသောကြောင့် အခြားသော အခြေခံလိုအပ်ချက်များကို ဖြည့်တင်းနိုင်ရန် စစ်ရှောင်များသည် ကိုယ်ထူကိုယ်ထစနစ်ဖြင့်သာ ရုန်းကန်နေကြရသည်။ သို့သော် အကျပ်အတည်းဆိုက်နေသော ဒေသတွင်း စီးပွါးရေး လုပ်ငန်းများနှင့် လက်ရှိနိုင်ငံရေးအခြေအနေများကြောင့် ဝင်ငွေမရှိနေသော စစ်ဘေးရှောင်များအတွက် အခြေခံလိုအပ်ချက်များ လက်လှမ်းမှီရန် အလှမ်းဝေးနေဆဲဖြစ်သည်။

စစ်ရှောင်စခန်းတိုင်းလိုလိုတွင် မိမိစားဝတ်နေရေးအတွက် ကိုယ်ထူကိုယ်ထ လုပ်ကိုင်နေရသောအခြေအနေတွင်ရှိပြီး စစ်ရှောင်ကာလ (၃) နှစ်ခွဲ ကြာမြင့်လာသည့်အခါ လာရောက်လှူဒါန်းပေးသည့် အလှူရှင်များမရှိသလောက်သာ ရှိနေသည်။ တချို့သည် နယ်စပ်ဒေသများနှင့် ပြည်ပသို့ အလုပ်ထွက်လုပ်ပြီး စစ်ရှောင်နေကြသော မိသားစုများကို ပြန်လည်ထောက်ပံ့ ခြင်းများလုပ်နေကြရပါသည်။

### (ခ) အကူအညီနှင့် အရင်းအမြစ်များ ပေးအပ်ခြင်းများနှင့် ဆိုင်သော အခက်အခဲအများနှင့် ပြဿနာများ

ရန်ပုံငွေနှင့် အရင်းအမြစ် ပြတ်တောက်မှုများ၊ ထောက်ပံ့ရန် ငွေကြေးနှင့် အရင်းအမြစ်များ လုံလောက်မှုမရှိခြင်း၊ အရေးပေါ်လိုအပ်ချက်များအပေါ် ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းနှင့် ပြန်လည်တုန့်ပြန်ရာတွင် အချိန်နှင့် တပြေးညီမ လုပ်ဆောင်နိုင်ခြင်းများသည်လည်း စစ်ဘေးရှောင်များအား ကူညီထောက်ပံ့ခြင်းဆိုင်ရာ ကိစ္စရပ်များတွင် ရင်ဆိုင်နေရသော အခက်အခဲများဖြစ်နေသည်။ မြို့ပြနှင့် နီးသော စစ်ရှောင်စခန်းများတွင် နေထိုင်သော စစ်ရှောင်များအဖို့ အလှူရှင်များအလွယ်တကူရောက်ရှိခြင်း ကြောင့် စာနပ်ရိက္ခါများလုံလောက်မှုများရှိသော်လည်း လူသူအရောက်အပေါက်နဲသည့် စစ်ရှောင်စခန်းများ၊ တောကြိုတောင်ကြားတွင်နေထိုင်နေရသော စစ်ရှောင်များအဖို့ စာနပ်ရိက္ခါများနှင့် အခြားသောအခြေခံလိုအပ်မှုများ အများအပြား လိုအပ်နေဆဲပင်ဖြစ်သည်။ ၂၀၂၃ နှစ်ဆန်းပိုင်းကာလများ၌ စစ်ရှောင်စခန်းများသို့ နေရေးထိုင်ရေးနှင့် အစားအသောက်များ လာရောက်ထောက်ပံပေး၊ လှူဒါန်းပေးသော အလှူရှင်များရှိသော်လည်း ယခုနောက်ပိုင်းတွင် ၄လ/ ၅လမှ တစ်ကြိမ်မျှသာ လာရောက်လှူဒါန်းကြတော့သည်။ အထူးသဖြင့် ဆီဆိုင်ဒေသသို့ ရောက်ရှိနေသော စစ်ရှောင်များအတွက် စားနပ်ရိက္ခါနှင့်



အထောက်အပံ့များ လာရောက်ထောက်ပံ့ပေးခြင်း မရှိသလောက် ဖြစ်နေပါသည်။

ရှမ်းတောင်သို့ လာရောက်ခိုလှုံသော စစ်ရှောင်ဦးရေကို တိတိကျကျစာရင်းကောက်ယူရန်ခက်ခဲနေပါသည်. ခန့်မှန်းရရှိသော စာရင်းဇယားများအရ ရှမ်းပြည်တောင်ပိုင်းသို့ စစ်ဘေးရှောင်လာသော စစ်ရှောင်ပြည်သူ လူဦးရေ စုစုပေါင်း ၂သိန်းခန့်ရှိနေပြီး ထိုသို့များပြားလှသော စစ်ရှောင်များအတွက် ရေရှည်စားနပ်ရိက္ခါများနှင့် အခြားသောအခြေခံလိုအပ်ချက်များ ရေရှည်ထောက်ပံ့ရန် အခက်အခဲဖြစ်နေပါသည်။

အရေးပေါ် စားဝတ်နေရေးလိုအပ်ချက်များသည် လက်ရှိအချိန်ထိ များစွာလိုအပ်နေဆဲဖြစ်ပြီး၊ အချို့စစ်ရှောင်စခန်း များတွင် နောက်တစ်ရက်စားသောက်ရန်အတွက် စာနပ်ရိက္ခာများ မရှိသည့်အနေအထားများလည်း ရှိသလို အချို့ မြို့ပြများနှင့် ဝေးသောစစ်ရှောင်များအဖို့ အစာရေစာ ပြတ်လတ်မှုနှင့် အခြားအခြေခံ လိုအပ်ချက် လိုအပ်မှု ပိုမိုမြင့်မားနေပါသည်။
တိုက်နယ်၊ မြို့နယ်ဆေးရုံ ဆေးခန်းများမှ ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများမှ စစ်ရှောင်စခန်းများသို့ လာရောက်ပြီး ကျန်းမာရေးနဲ့ ပတ်သတ်၍ လာရောက်စစ်ဆေးပေးခြင်းမျိုး ရှိနေသော်လည်း ဆေးဝါးများ လုံလောက်မှုမရှိပေ။ အများစုမှာ ကိုယ့်ကျန်းမာရေးအတွက် ကိုယ်ထူကိုယ်ထစနစ်များဖြင့်သာ လုပ်ဆောင်နေကြရပြီး၊ ကျန်းမာရေးလိုအပ်ချက်သည် စစ်ရှောင်စခန်းတိုင်းလိုလိုတွင် များစွာလိုအပ်နေသော လိုအပ်ချက်ပင်ဖြစ်သည်။ အခြားဒေသများထက် ရာသီဥတုပိုမိုအအေးပိုသော ပင်လောင်းကဲသို့သော ဒေသများတွင် လာရောက်ခိုလှုံနေသော စစ်ရှောင်ပြည်သူများ၊ အထူးသဖြင့် ကလေးငယ်အများစုသည် မကြာခနဖျားနာနေလျှက်ရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပတ်သတ်ပြီး ကောင်းစွာမရရှိကြပေ။

## လူသားခြင်း စာနာထောက်ထားမှု ကူညီထောက်ပံ့ရေးဆိုင်ရာလုပ်ငန်းစဥ် နှင့် ပတ်သက်သော ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်နိုင်မှု အခြေအနေများ

စစ်ဘေးရှောင်များအား ကယ်ဆယ်ရေး၊ ထောက်ပံ့ရေး လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း များစွာသော အခက်အခဲများ၊ စိန်ခေါ်ချက်များကို ရင်ဆိုင်ကြုံတွေ့ရပါသည်။



စစ်ဘေးရှောင်များကို ကူညီထောက်ပံ့ရန်အတွက် လိုအပ်သောအရင်းအမြစ်များကို ဝယ်ယူရန် နှင့် သယ်ယူရန်အတွက် မှတ်ပုံတင်ထားသော ကြားခံအဖွဲ့အစည်းများမှ တဆင့် လုပ်ဆောင်ပါမှ ကူညီခွင့်ရသောကြောင့်၊ လက်ရှိဒေသတွင်းတွင် အရေးပေါ်ကူညီထောက်ပံ့ပေးသည့် အဖွဲ့အစည်းနည်းသည့်အပြင်၊ မှတ်ပုံတင်ထားသည့် အဖွဲ့အစည်းများလည်း မရှိသလောက် ဖြစ်နေသည့် အတွက်များကြောင့် အကူအညီပေးရေး လုပ်ငန်းများဆောင်ရွက်ရာတွင် အကန့်အသတ်များဖြင့်သာ ဆောင်ရွက်နေရပါသည်။

စစ်ဘေးရှောင်ပြည်သူများကို ကူညီရန်အတွက် လာရောက်သည့် အဖွဲ့အစည်းများကို စစ်ကောင်စီ စစ်ဆေးရေးဂိတ်များက ပြင်းထန်စွာ ပိတ်ဆို့စစ်ဆေးနေပြီး အဖွဲ့အစည်းမှတ်ပုံတင်ထားခြင်း မရှိလျှင်လည်း ဖမ်းဆီးပြီးထောင်ချမှုများရှိနေပါသည်။ ထို့အပြင် စစ်ရှောင်စခန်းများကို လာရောက်ကူညီပေးသော စေတနာ့ဝန်ထမ်းများကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့် ဆက်စပ်သည်ဟု စစ်ကောင်စီက စွပ်စွဲပြီး ၅၀၅ ရာဇသတ်ကြီး ပုဒ်မများဖြင့် အမှုဖွင့် ၊ တရားစွဲသည်များ ရှိနေသည့်အတွက် ကြောင့် စစ်ရှောင်ပြည်သူများကို ကူညီထောက်ပံပေးသော အလှူရှင်များနှင့် အဖွဲ့အစည်းများအတွက် များစွာအခက်အခဲ ရှိနေပါသည်။

စစ်ရှောင်များကို လူသားချင်း စာနာထောက်ထားမှု အကူညီများကို လာရောက်ထောက်ပံ့ရန် စစ်ကောင်စီ၏ စစ်ဆေးရေး ဂိတ်များကို ဖြတ်သန်း

သွားသော စားနပ်ရိက္ခါကားများကို စစ်ကောင်စီမှ ဖြတ်သန်းခွင့် မပြုခြင်း၊ တင်ဆောင်လာသော လူများကို ဖမ်းဆီးခြင်းများ ပြုလုပ်နေခြင်းကြောင့် စစ်ဘေးရှောင်များထံသို့ ထောက်ပံ့ရေးပစ္စည်းရောက်ရှိရန် အခက်အခဲများစွာရှိနေပါသည်။

ထို့ကြောင့် ရှမ်းတောင်ဒေသရှိ အထူးသဖြင့် ပင်လောင်း၊ ဆီဆိုင်၊ မောက်မယ် အစရှိသော ဒေသများရှိ စစ်ရှောင်စခန်းများကို မြို့နယ်အလိုက် ဖွဲ့စည်းထားသည့် စစ်ရှောင်ကူညီရေးကော်မတီအဖွဲ့များမှ တဆင့်ခံပြီး ကူညီထောက်ပံ့မှုများ ပေးနေကြရသည်။ ၎င်းဖြစ်စဥ်သည် အရေးပေါ်ကူညီပေးတုန့်ပြန်ရန်အတွက် အချိန်များ နှောင့်နှေးကျန့်ကြာစေပါသည်။
စစ်ကောင်စီ၏ သတင်းမီဒီယာများတွင် စစ်ဘေးရှောင်များအတွက် တရက်ငွေ (၁၀၀၀၀)ကျပ် ထောက်ပံပေးသည်ဟု ဝါဒဖြန့်ပြီး သတင်းလွှင့်နေသည်များရှိနေသော်လည်း လက်ရှိစစ်ရှောင်စခန်းအများစုတွင် ထိုထောက်ပံငွေများ မရကြပေ။

ဒေသခံက စစ်ရှောင်ကူညီပေးရေးများနှင့် ဒေသတွင်း ရပ်မိရပ်ဖများ ပူးပေါင်းပြီး နေထိုင်စရာမရှိသော စစ်ရှောင်များအတွက် နေရာထိုင်ခင်းစီစဉ်ပေးခြင်းနှင့် ခြံထွက်သီနှံများကို လိုအပ်သော စစ်ရှောင်နေထိုင်ရာများသို့ ကူညီရန် အလှူခံပေးခြင်းများ ရှိသည်။

လက်ရှိတွင် ရှမ်းပြည်တောင်ပိုင်းသို့ စစ်ရှောင်လာသော လူများကို သက်ဆိုင်ရာအလှူရှင်များ၊ ဒေသတွင်း စစ်ရှောင်ကူညီပေးရေးကော်မတီများ၊ သက်ဆိုင်ရာ ဒေသပရဟိတအလှူရှင်များက ကူညီဆောင်ရွက်ပေးနေမှုများ ရှိနေသော်လည်း လုံလောက်မှု မရှိနေသေးပေ။ ၂၀၂၂ ခုနှစ် စစ်ဘေးရှောင်များကို လူသားချင်းစာနာထောက်ထားမှု အကူအညီ ကူညီပေးရန် ရောက်လာသော အာဆီယံသံတမန်ယာဥ်တန်းအား အမည်မသိ လက်နက်ကိုင်တပ်ဖွဲ့များမှ ချုံခိုတိုက်ခိုက်မှုများလည်းရှိခဲ့ပါသည်။ စစ်ရှောင်များအား အလှူရှင်အချို့များမှ တိုက်ရိုက်လှူနိုင်ခြင်း၊ ထောက်ပံ့ခြင်းများမပြုလုပ်သော်လည်း ဒေသအသီးသီးတွင် စုဖွဲ့ထားတဲ့ စစ်ဘေးရှောင်ကော်မတီများ၊ လက်နက်ကိုင်များနှင့် အချို့သော အရပ်ဖက်အဖွဲ့အစည်းများမှ တဆင့် အစားအသောက်နှင့် အသုံးအဆောင်ပစ္စည်းများ ဝေငှပေးခြင်း၊ ထောက်ပံ့ပေးခြင်းများ ဆောင်ရွက်ပေးရေး လုပ်ဆောင်နေရပါသည်။

စစ်ကောင်စီသည် စစ်ရှောင်များကို ထောက်ပံသည့် လမ်းကြောင်းများကို ပိတ်ဆို့ခြင်း၊ အကန့်အသတ်ဖြင့်သာ သယ်ယူစေခြင်းများကြောင့် လက်ရှိတွင် စစ်ရှောင်စခန်းများတွင် ကူညီဆောင်ရွက်နေသော သူများအဖို့ အလှူရှင်များ လာရောက်လှူဒါန်းမှုများ ရှိနေသည့်တိုင် စိတ်တိုင်းကျ ထောက်ပံမှုမပေးနိုင်သော အနေအထားတွင်ရှိနေပါသည်။

## အရေးပေါ်လိုအပ်မှုများ

အခြေခံလိုအပ်ချက်များဖြစ်သော အစားအသောက်၊ ရေ နှင့် အမိုးအကာများ အပြင် ကျန်းမာရေးစောင့်ရှောက်မှု၊ ဆေးဝါး ဝန်ဆောင်မှုများ ရရှိနိုင်ရန်အပြင်၊ စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာ ကူညီဖေးမမှု နှင့် ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုများသည်လည်း စစ်ဘေးရှောင်များအားလုံး အတွက် အထူးလိုအပ်နေသော အရေးကြီးသည့် အရာများဖြစ်သည်။ စီပွါးရေးကျဆင်းလာမှု၊ ကုန်ပစ္စည်းများ ဈေးနှုန်းမြင့်မားလာမှုများကြောင့် ဒေသတွင်း စီးပွါးရေး ကျဆင်းလာသည်အတွက် ဒေသခံများလည်း စိုက်ပျိုးရေးနှင့် အခြားသော လုပ်ငန်းများ အကောင်အထည်ဖေါ်ရန်ခက်ခဲကျပ်တည်းနေခြင်းကြောင့် စစ်ဘေးရှောင်များသည်လည်း အလုပ်အကိုင်ရရှိရန် ခက်ခဲနေပါသည်။

စစ်ရှောင်စခန်းများတိုင်းတွင် ဆေးဝါးလိုအပ်ချက်မြင့်မားနေပြီး ဥတု





အလိုက် ဖြစ်ပွါးတတ်သော ရာသီတုပ်ကွေးများနှင့် အခြားသော ကူးစက်လွယ်သော ရောဂါဘယများသည်လည်း လူဦးရေသိပ်သည်းမှုများသော စစ်ရှောင်စခန်းကဲ့သို့သော နေရာတွင် ပိုမိုအဖြစ်များပြီး အချင်းချင်းရောဂါပိုးကူးစက်မှုများလည်းရှိနေပါသည်။ ထိုသို့ ဖျားနာပြီး နေထိုင်မကောင်းရှိနေပါက ငွေကြေးရှိသော စစ်ရှောင်များအဖို့ အပြင်ဆေးခန်းများတွင် သွားရောက်ဆေးကုသနိုင်သော်လည်း စစ်ရှောင်အများစုသည် မပြည့်မစုံနဲ့သာရှိနေသော ဆေးဝါးများဖြင့်သာ ဖြစ်သလိုကုသနေကြရသည်။ စစ်ရှောင်စခန်းတွင်းတွင် ကျန်းမာရေးကိစ္စဆိုင်ရာနှင့် စပ်လျဉ်းပြီး အရေးပေါ်လိုအပ်လာပါက လိုက်လံအလှူခံပြီးမှ လိုအပ်သော ဆေးရုံဆေးခန်းများသို့ သွားရောက်ပြီး ဆေးကုသနိုင်သော အခြေအနေတွင်ရှိနေပါသည်။

အချို့မြို့နယ်ရှိ စစ်ရှောင်စခန်းများတွင် စစ်ရှောင်များအတွက် ဆေးပေးခန်းများထားရှိပေးထားသော်လည်း အများစုမှာ ဆေးခန်းထဲတွင် ရောဂါများကုသရန် ကုသဖို့ဆေးဝါးမရှိနေဘဲ ဆေးဝါးပြတ်လတ်နေသည့် အခြေအနေသာ ဖြစ်နေပါသည်။

စစ်ဘေးရှောင်များအတွက် ကျန်းမာရေးကိစ္စရပ်များနှင့်ပတ်သက်ပြီး ၎င်းတို့ရောက်ရှိနေသော ဒေသတွင်းရှိ ဆေးရုံ၊ ဆေးခန်းများသို့ တက်ရောက်ကုသနိုင်သော်လည်း အခမဲ့ဝန်ဆောင်များ မဟုတ်သည့်အတွက်ကြောင့် အများစုမှာ ဆေးဝါးကုသရေးနှင့် ပတ်သတ်ပြီး အခက်အခဲများစွာ ရှိနေပြီး ဆေးရုံဆေးခန်း သွားရမည့်ဆဲဆဲပင် ငွေကြေးများရရှိနိုင်ဖို့ စစ်ရှောင်စခန်းကော်မတီများမှ လိုက်လံ အလှူခံနေရသည့် အခြေအနေများလည်း ရှိနေပါသည်။

လေဖြတ်ထားသည့် စစ်ရှောင်လူနာများ နှင့် နာတာရှည်ရောဂါဝေဒနာရောဂါများ ခံစားနေရသူများအတွက် လက်ရှိအနေအထားအရ ကျန်းမာရေးစောင့်ရှောက်မှု အထောက်အပံ့များ မရှိပေ။

## ရေရှည် လိုအပ်ချက်များ

### (က) လူငယ်နှင့် ကလေးများအတွက် ပညာရေးဆိုင်ရာ ဝန်ဆောင်မှု

စစ်ရှောင်စခန်းအတွင်းရှိ စစ်ရှောင်ကလေးများသည် သက်ဆိုင်ရာမြို့နယ်အလိုက်တွင်ရှိသော စာသင်ကျောင်းများသို့ တက်ရောက်ခွင့်များ ရရှိနေကြသော်လည်း ကလေးများအတွက် ကျောင်းထောက်ပံ့ကြေးများ ထောက်ပံ့ရန် အခက်အခဲများရှိသည်။ အချို့စစ်ရှောင်စခန်းများသည် စာသင်ကျောင်းများနှင့် အတော်အလှမ်းကွာနေပြီး ကလေးငယ်များအတွက် လုံခြုံမှုများ မရှိသောကြောင့် အများစုသော စစ်ရှောင်စခန်းက ကလေးငယ်များအနေဖြင့် ပညာရေးအခွင့်အလမ်းရရှိရန်အတွက် အလှမ်းဝေးနေပါသည်။ အချို့မြို့နယ်ရှိ အခြေခံပညာ စာသင်ကျောင်းများနှင့် နီးသောစစ်ရှောင်စခန်းရှိ ကလေးငယ်များသည် ကျောင်းတက်ခွင့် ရရှိနေသည့်သော်လည်း၊ ကလေးသူငယ်များအရွယ် လိုအပ်သော အခြေခံလိုအပ်ချက်များ မရှိနေသည့်အတွက်ကြောင့် စစ်ရှောင်ကလေးများသည် စိတ်ပိုင်းဆိုင်ရာ ညှိုးငယ်မှုများ၊ အားငယ်မှုများနှင့် ခွဲခြားဆက်ဆံခံနေရသည့် အခြေအနေများ ကြုံတွေ့နေရပါသည်။ ထို့ကြောင့် အချို့စစ်ရှောင်ကလေးများသည် စာသင်ကျောင်းသို့ မသွားလိုတော့ဘဲ စိတ်ဓါတ်ကျ အားငယ်နေသည်များ ဖြစ်ပေါ်နေပါသည်။
“ စစ်ရှောင်တွေ လာတဲ့အချိန်က စုံညီပွဲတော်တွေလုပ်နေတဲ့ အချိန်ဖြစ်တဲ့အတွက် စစ်ရှောင်တွေအနေနဲ့က အခက်အခဲက ကလေးတွေကတော့ စိတ်ပိုင်းဆိုင်ရာနဲ့ပတ်သတ်ပြီးတော့ တဖက်ကပျော်ပွဲရွှင်ပွဲတွေ လုပ်တဲ့အခါ ကိုယ့်ရဲ့ အိုးအိမ် စွန့်ခွါပြီးတော့ စစ်ဘေးဒဏ်ကြားထဲက ပြေးလာခဲ့ရတဲ့ ကလေး

တွေအနေနဲ့ကျတော့ စိတ်ဖိစီးမှုဖြစ်တယ်ဆိုတဲ့အရာတွေ၊ အဲ့ကနေမှ သူတို့ ကျောင်းမသွားချင်တော့တဲ့ အရာတွေ ဖြစ်လာတော့တယ်ပေ့ါနော်။ တဖက်က ပျော်နေရွှင်နေတာတွေ ရှိတော့ တချို့ကလေးတွေကျတော့ မိဘတွေမရှိကြတော့ဘူးပေ့ါ၊ အဖေမရှိတော့တာတွေ ရှိတာပေ့ါ။ ကျောင်းသွားတဲ့ စစ်ရှောင်ကလေးတွေက မုန့်တောင်မပါသွားတဲ့ အခြေအနေမျိုးနဲ့ရှိနေပြီးမ တဖက်က လခလေးတွေက ပျော်ပွဲရွှင်ပွဲတွေ လုပ်နေကြတာရှိတယ် ဆိုတော့ ဆိုက်ကို လော်ဂျီ အစ်ရှူးနဲ့ ပတ်သတ်ပြီး စစ်ရှောင်ခလေးတွေမှာရှိနေတယ်။ “

## (ခ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ ထောက်ပံ့မှုနှင့် စီးပွါးရေးဆိုင်ရာ အခွင့် အလမ်းများ

လက်ရှိတွင် ဒေသတွင်းတွင် စိုက်ပျိုးရေးရာသီ ဖြစ်နေသေးသည့်အတွက်ကြောင့် အနည်းငယ်မျှသော စစ်ရှောင်ပြည်သူများအတွက် တချို့အလုပ်အကိုင်အခွင့်အလမ်းများရှိနေပြီး အလှူရှင်များရောက်လာခြင်းမရှိသည့်တိုင် စားဝတ်နေရေးအတွက် အနည်းငယ်ဖြေရှင်းနိုင်သည့် အနေအထားများ ရှိနေသေးသော်လည်း လာမည့်နွေရာသီအတွက် ဒေသတွင်း လုပ်ငန်းခွင်များ ရာသီကုန်တော့မယ့်အပြင် စစ်ရှောင်များအဖို့ အလုပ်အကိုင် အခွင့်အလမ်းရှိနိုင်တော့မည် မဟုတ်ပေ။

အချို့သော စစ်ဘေးရှောင်များသည် မိမိတို့ရောက်ရှိနေသော ဒေသများရှိ ဒေသခံများ၏ မြေများကို ဌာရမ်းစိုက်ပျိုးခြင်းများ ပြုလုပ်နေသကဲ့သို့ ဒေသခံရွာသူ ရွာသားများအနေဖြင့်လည်း စစ်ရှောင်များ၏ စားဝတ်နေရေးအတွက် ဖြည့်တင်းနိုင်ရန် လိုအပ်သော စိုက်ပျိုးမြေများကို ကူညီပေးခြင်းများ ရှိနေသော်လည်း လူဦးရေအနည်းစုအတွက်ကိုသာ လွှမ်းခြုံနေပြီး အများစုမှာ အလုပ်လက်မဲ့များအဖြစ်သာ ရှိနေဆဲပင်ဖြစ်သည်။

## (ဂ) လက်ရှိ အရေးပေါ်ကူညီထောက်ပံ့ပေးရေး နှင့် ရေရှည်တည်တံ့သော ပြန်လည်နေရာချထားရေး အတွက် ဖြေရှင်းချက်နှင့် လိုအပ်ချက်များ



ယခင်ကတည်းကပင် စစ်ရှောင်နေရသော စစ်ရှောင်များအတွက် ခက်ခဲပြီး စားနပ်ရိက္ခာများ လုံလောက်မှုမရှိနေသည့်အပြင်၊ ဆက်လက်၍ တိုးချဲ့ဖြစ်ပွားနေသော စစ်ပွဲများကြောင့် စစ်ဘေးရှောင်လာရသော စစ်ရှောင်အသစ်များအတွက်လည်း လွန်စွာမှ ခက်ခဲလှပါသည်။ ထို့ကြောင့် အဖက်ဖက်မှလာသော လူသားခြင်းစာနာထောက်မှု အကူအညီများသည်လည်း မြေပြင်သို့ အတားအဆီး အနှောက်အယှက်မရှိ တိုက်ရိုက်အချိန်မှီရောက်နိုင်ရန် လိုအပ်သည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ကြည့်မည်ဆိုပါကလည်း စစ်ပွဲကြောင့် ထိခိုက် ပျက်ဆီး ဆုံးရှုံးသွားရသော မြို့ရွာများ၊ နေအိမ်များ၊ စီးပွားရေးလုပ်ငန်းများ၊ ဈေးများ၊ ဘာသာရေးအဆောက်အုံများ၊ စာသင်ကျောင်းများ အစရှိသဖြင့် ပြန်လည် ထူထောင်ရေး လုပ်ငန်းစဥ်များအားလည်း ထိရောက်စွာလုပ်နိုင်သည်ကို မတွေ့ရသေးပေ။ ထိုသို့လုပ်ဆောင်ပေးနိုင်ရန်အတွက်လည်း လုံလောက်သော အရင်းအမြစ်နှင့် အကူအညီများလည်း ရရှိသည်ဟူ၍ မကြားမိသေးပေ။ လက်ရှိတွင်လည်း ဆီဆိုင်၊ ပင်လောင်း နှင့် ဟိုပုံးမြို့နယ်များတွင် ပျက်ဆီးဆုံးရှုံးသွားသော အရာများအား ကိုယ်ထူကိုယ်ထ စနစ်ဖြင့်သော်လည်းကောင်း၊ ဘာသာရေးဆိုင်ရာ သံဃာများ၏ ဦးဆောင်မှုဖြင့်သော်လည်းကောင်း၊ ရပ်ရွာမှ ရွာသူရွာသားအချင်းချင်းကူညီထောက်ပံ့ပေးခြင်း များဖြင့်သော်လည်း ကောင်း ပျက်ဆီးသွားသော လူနေအိမ်များအား



ပြန်လည်တည်ဆောက်နေရပေသည်။ သို့သော်လည်း ပျက်ဆီးဆုံးရှုံးသွားသော တန်ဖိုးနှင့်အညီ မည်သူတစ်ဦးတစ်ယောက်မှပြန်လည်ရရှိခြင်းမျိုးမရှိပေ။ "ထိုသို့ ပျက်ဆီးဆုံးရှုံးသွားသော တန်ဖိုးအညီ ပြန်လည်ရရှိရန်အတွက် မည်သူ့မှာတာဝန်ရှိသနည်း။ မည်သူက လုပ်ဆောင်ပေးသင့်သနည်း။ "

စစ်ရှောင်ခဲ့ရသော၊ ပိုင်ဆိုင်မှုများအားလုံး ဆုံးရှုံးခဲ့ရသော၊ စစ်ဘေးသင့်ခံခဲ့ရသော ပြည်သူများ၏ ဘဝ ပုံမှန်ပြန်လည်ပတ်ရန်အတွက် လုံလောက်သော ဝင်ငွေပြန်ရစေမယ့် လုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ၊ မတည်အရင်းအနှီးငွေများ၊ နေထိုင်စားသောက်ရန်အတွက် အဆောက်အအုံများ ပြန်လည် ဖော်ဆောင်ပေးရေးသည် မလုပ်မဖြစ်၊ မရှိမဖြစ် လုပ်ဆောင်ပေးရန် လိုအပ်သော လုပ်ငန်းစဥ်များဖြစ်သည်။

## အကျပ်အတည်းကိုဖြေရှင်းရန် နှိုးဆော်ချက် သို့မဟုတ် အကြံပြုချက်များ

(၁) စစ်ရှောင်စခန်းအတွင်းဖြစ်ပေါ်တတ်သော လာဘ်ပေး လာဘ်ယူမှုကိစ္စရပ်များ ၊ လူမျိုးရေးအရ လူမှုရေးအရ ရင်နှီးကျွမ်းဝင်နေသောသူများကိုသာ ထောက်ပံ့ရေးပစ္စည်းများ အဓိကထား ပေးဝေနေခြင်းများအား မပြုလုပ်ရန်
(၂) အချို့စစ်သောရှောင်စခန်းများတွင် ထောက်ပံ့ရေးပစ္စည်းများ အများအပြားရှိနေသော်လည်း အချို့သောစစ်ရှောင်စခန်းများတွင် မလုံမလောက်ဖြစ်နေခြင်းများကိုလည်းတွေ့ရသောကြောင့် ထိုသို့သော ကိစ္စရပ်များအား မဖြစ်ရလေအောင် သတိထား လုပ်ဆောင်ရန်
(၃) အမှန်တကယ် လိုအပ်နေသော သူများစီသို့ အကူအညီ၊ အထောက်အပံ့များ ရောက်ရှိရန် လိုအပ်သည်။
(၄) ထိလွယ်၊ ရှလွယ်သော စစ်ရှောင်အုပ်စုမှ သူများအတွက်ပါ ထည့်သွင်းစဥ်းစားပေးရန်။
(၅) စိတ်ပိုင်းဆိုင်ရာနှင့် စပ်လျဥ်းပြီး ကနဦးကုသပေးခြင်းများ၊ အားပေးခြင်းများ၊ နွေးထွေးမှုပေးခြင်းများ ပြုလုပ်ပေးရန် အရေးကြီးသည်။
(၆) နိုင်ငံတကာမှ ရရှိလာသော လူသားခြင်းစာနာထောက်ထားမှု အကူအညီများအနေဖြင့် ဒေသတွင်းရှိ ဒေသခံ လူမှုအဖွဲ့အစည်းများ၊ အရပ်ဖက်အဖွဲ့အစည်းများထံသို့ တိုက်ရိုက်ရောက်ရှိပြီး ပြည်သူလူထုထံသို့ တိုက်ရိုက်ဆင်းသက်နိုင်လျှင် ပို၍ ထိရောက်သော အကူအညီများဖြစ်မည်။
(၇) လူသားခြင်းစာနာထောက်ထားမှု အကူအညီပေးရေးအတွက် ကူညီလုပ်ဆောင်နေသော အဖွဲ့အစည်းအသီးအသီးအနေဖြင့် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်မှုများ ပြုလုပ်နိုင်လျှင်လည်း ပြည်သူလူထုများအနေဖြင့် ထိရောက်မြန်ဆန်သော အကူအညီများ ရရှိနိုင်မည်။
(၈) ပြည်တွင်း၊ ပြည်ပ အလှူရှင်များအနေဖြင့်လည်း လူသားခြင်း စာနာထောက်ထားမှု အကူအညီပေးရေးအတွက် လုပ်ဆောင်နေသော ဒေသခံလူမှုအဖွဲ့အစည်းများ၊ အရပ်ဖက်အဖွဲ့အစည်းများအပေါ်လိုအပ်သည်ထက်ပိုမိုတင်းကျပ်မှုများ မလုပ်ပါက ကူညီထောက်ပံ့မှုများ လုပ်ဆောင်ရာတွင် အခက်အခဲများ လျော့နည်းစေနိုင်သည်။
(၉) လူသားခြင်း စာနာထောက်ထားမှု အကူအညီပေးရေးအား နှောက်ယှက်၊ ဖျက်ဆီး၊ အဟန့်အတားများပြုလုပ်နေသော အဖွဲ့အစည်းများ၊ အုပ်စုများအနေဖြင့်လည်း လူသားခြင်း စာနာထောက်ထားမှု အကူအညီပေးရေး၏ အခိပ္ပါယ်ကိုနားလည်ပြီး၊ လိုက်နာရမည့် စည်းကမ်းချက်များအားလိုက်နာနိုင်ရန် လိုအပ်ပါသည်။

## ရှင်းလင်းချက်စာတမ်းတွင် အသုံးပြုထားသော ကိုးကားချက်များနှင့် အရင်းအမြစ်များ (References)

https://my.wikipedia.org/wiki/%E1%80%99%E1%80%BC%E1%80%94%E1%80%BA%E1%80%99%E1%80%AC%E1%80%B7%E1%80%95%E1%80%BC%E1%80%8A%E1%80%BA%E1%80%90%E1%80%B-D%E1%80%84%E1%80%BA%E1%80%B8%E1%80%85%E1%80%85%E1%80%BA_%E1%80%A1%E1%80%81%E1%80%BB%E1%80%AD%E1%80%94%E1%80%BA%E1%80%99%E1%80%BE%E1%80%90%E1%80%BA%E1%80%90%E1%80%99%E1%80%BA%-E1%80%B8_(%E1%81%82%E1%81%80%E1%81%82%E1%81%81-%E1%80%9C%E1%80%80%E1%80%BA%E1%80%9B%E1%80%BE%E1%80%AD)

https://my.wikipedia.org/wiki/%E1%81%82%E1%81%80%E1%81%82%E1%81%81_%E1%80%99%E1%80%BC%E1%80%94%E1%80%BA%E1%80%99%E1%80%AC%E1%80%94%E1%80%AD%E1%80%AF%E1%80%84%E1%80%BA%E1%80%84%E1%80%B6%E1%80%85%E1%80%85%E1%80%BA%E1%80%A1%E1%80%AC%E1%80%8F%E1%80%AC%E1%80%9E%E1%80%AD%E1%80%99%E1%80%BA%E1%80%B8%E1%80%81%E1%80%B6%E1%80%9B%-E1%80%81%E1%80%BC%E1%80%84%E1%80%BA%E1%80%B8

https://www.bbc.com/burmese/burma-56850135

https://data.unhcr.org/en/country/mmr

https://data.unhcr.org/en/documents/details/109453